www.burmeseclassic.com

# သစ္စာနီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပန်းခေတ်လမင်းစာပေ

အတွက်

# နေမျိုးစာပဒေသာ

အမှတ်(၁၂၉)၊ (၃၄) လမ်း၊ ရန်ကုန်မှ ဖြန့်ချိသည်။
ဖုန်း – ၂၇၃၀၂၄

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# ပန္ဒတ်

နှင့်

အခြားဝတ္ထုတိုများ

သဆွာနီ

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** ၅၁၆/၂၀၀၀ (၇)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ၇၉၄/၂၀၀၀ (၁၁)
**ပထမအကြိမ်**
၂၀၀၁ ခုနှစ်၊ဇူလိုင်လ၊ အုပ်ရေ (၅၀၀)
တန်ဖိုး ၃၀၀ကျပ်
**အဖုံးအနုပညာ**
ဘိုဘိုထွန်း
**ကွန်ပျူတာစာစီ**
" စံ " ကွန်ပျူတာ၊ ၁၂၉၊ ၃၄ လမ်း
**အတွင်းဖလင်**
နိုင်ကြီး
**စာအုပ်ချုပ်**
လှိုင်၊ ကိုတင်အေး ၁၉/၁၀၁ လမ်း
**အဖုံး/ အတွင်းပုံနှိပ်ရိုက်**
နေမျိုးပုံနှိပ်တိုက် (၀၅၄၉၅)
အမှတ် ၉၁၊ ။ဗိုလ်ဥတ္တမလမ်း၊ကြည့်မြင်တိုင်
**ထုတ်ဝေသူ**
ဒေါ်ရွှေအိမ် (၀၁၂၉၉)၊ တိုင်းလင်းစာပေ
အမှတ်× ၃၊ အောင်သိဒ္ဓိလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ အလွမ်းမပါသောပြဇာတ် ... ၁၅
(သဘင် – ၁၉၈၅... )
၂။ ငန်းနှင့်ရေ ... ၂၉
(ဂီတပဒေသာ – ၁၉၈၅... )
၃။ လှေကားနဲ့လူ ... ၃၇
(သရဖူ – ၁၉၉၄... )
၄။ မဖြစ်စလောက်လောကခံ ... ၄၅
(သရဖူ – ၁၉၉၅... )
၅။ ကော်ဖီဆိုင်ပြဇာတ် ... ၅၃
(ဟန်သစ် – ၁၉၉၅... )
၆။ ဗန္ဓုတ် ... ၅၉
(ဟန်သစ် – ၁၉၉၆... )
၇။ သူလိုကိုယ်လိုလူများ၏တောင်ထိပ် ... ၆၉
(သရဖူ – ၁၉၉၆ ... )
၈။ လေကိုရှူရှိုက်ခြင်း ဒုတိယပုံစံ ... ၇၉
(သရဖူ – ၁၉၉၆ ... )
၉။ အကယ်၍၏နယ်နမိတ် ... ၈၇
(သရဖူ – ၁၉၉၆ ... )
၁၀။ စိတ်ရုပ်ကြွင်း ... ၉၅

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# ဝတ္ထုတိုနဲ့ကျွန်တော်

## (၁)

ကျွန်တော်၏ ပထမဆုံး စက်တင် ပုံနှိပ်ဖော်ပြခံရသော ဝတ္ထုတိုမှာ ၁၉၆၆ ခု၊ ဇူလိုင်လထုတ် ရုပ်ရှင်သစ်မဂ္ဂဇင်း (အတွဲ ၇၊ အမှတ် ၈) တွင် ပါဝင် သော "မပွင့်မီက ကြွေနှင့်သည်" ဝတ္ထုတို ဖြစ်ပါသည်။ ထိုစဉ်က ရုပ်ရှင်သစ်မဂ္ဂဇင်းတိုက်မှာ သိမ်ဖြူလမ်းတွင်ရှိ၍ အယ်ဒီတာမှာ ကြွယ်ဝ ဖြစ်သည်။ (ကန်တော်လေး ဘဂ်ါလီစုတွင်နေသော ကဗျာဆရာ သိမ်ဖြူကြွယ်ဝနှင့် တစ်ဦးစီ ဖြစ်ပါသည်) ထိုဝတ္ထုတိုကို သရုပ်ဖော်ပုံ ရေးဆွဲသူမှာ ဗဂျီအောင်စိုး ဖြစ်၍ စာရေးစလူတို့၏ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝအတိုင်း ထိုဝတ္ထုတိုလေးနှင့် ပန်းချီပုံလေးကို ကြည့်မဝ ရှုမဝ ပီတိဖြစ်နေခဲ့ဖူးပါသည်။ နောက်ဆက်ပါလာသော "နှင်းကိုမပျယ်စေချင်ပါ" ဆိုသော ဝတ္ထုတို သရုပ်ဖော်ပုံ ရေးဆွဲသူမှာ ပန်းချီစိုးမိုး ဖြစ်သည်။ (ယခု ဒါရိုက်တာစိုးမိုးပင်ဖြစ်ပါသည်)။ ထိုအချိန်မှာပင် ကျွန်တော် သည် ရုပ်ရှင်ပဒေသာမဂ္ဂဇင်း၌လည်း ကဗျာများ ရေးနေပြီဖြစ်ပါသည်။ ယနေ့ ကဗျာဆရာ အတော်များများပင် ထိုမဂ္ဂဇင်း၏ "ကဗျာပဒေသာ" ကဏ္ဍ၌ လက်သွေးခဲ့ဖူးသူများပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဤနေရာတွင် ကျွန်တော် ထင်ရှားစေလိုသော အချက်မှာ ကျွန်တော်သည် စာပေနယ်ကို ဝင်စကပင် ကဗျာနှင့် ထပ်တူနီးပါးပင် စကားပြေ (ဝတ္ထုတို)ရေးသားခြင်း၌စိတ်ဝင်တစား ရှိခဲ့သည်ဆိုသော အချက်ဖြစ်ပါသည်ကျွန်တော်နှင့်ခေတ်ပြိုင်ကဗျာ ရေးဖော်တို့အနက်ကဗျာရေးသားမှုတစ်ခုတည်းကိုသာအစဉ်တစိုက် တစူးနက်နက် လုပ်ကိုင်နေသူများလည်း ရှိပါသည်။ (ဥပမာ – ချစ်မိတ်ဆွေများဖြစ်သောအောင်ချိမ့်၊မောင်ချောနွယ်စသဖြင့်သူတို့မှာ စကားပြေကို ရေးသားရန် စိတ်ဝင်စားသော လက္ခဏာမရှိပါ)။

ကျွန်တော်တို့နှင့် ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာခဲ့သူများအနက် တချို့မှာ ဝင်စက ကဗျာရော ဝတ္ထုပါရေးသား ခဲ့သော်လည်း နောက်ပိုင်းတွင် ကဗျာကို သိသိသာသာ စွန့်ခွာသွား ကြသည်ကို တွေ့ရပါသည်။ (ဥပမာ–ကျွန်တော့် သူငယ်ချင်းများ ဖြစ်ကြသော မောင်ကိုကို(အမရပူရ)၊ ကြူးနှစ် စသဖြင့်)။

ကျွန်တော်တို့နောက် အနည်းငယ် ကွာလှမ်းပြီး ဝင်ရောက်လာကာ ကဗျာရော စကားပြေ(ဝတ္ထုတို)ပါတစ္စဲမက်မက် တစ်ပြိုင်နက် ရေးဖွဲ့နေသူများလည်း ရှိပါသည်။ (ဥပမာ)ကျွန်တော့် ညီငယ်များ ဖြစ်ကြသော နေမျိုး၊ ထွန်းဝေမြင့်)။

ကျွန်တော်သည် ကဗျာကို အရူးအမူး တပ်မက်သလောက်ပင် စကားပြေ (ဝတ္ထုတိုရေးသား ခြင်း)၌လည်း အလွန် အကြူး တပ်မက်ခုံမင်သူ ဖြစ်ပါ၏။ သို့သော်...

www.burmeseclassic.com

www.burmeseclassic.com


(၃)

သို့သော်...

အနှစ်သုံးဆယ်သက်တမ်းကာလပြန်လည်စောင်းငဲ့ကြည့်သောအခါ ကျွန်တော်သည် (အချိန်ကာလနှင့် တွက်ဆလျှင်) ကဗျာဝတ္ထုတို အနည်းငယ်သာ ရေးဖြစ်ခဲ့သည်ကို ပြန်လည်တွေ့ရှိရပါသည်။ ကဗျာအပုဒ်ရေမှာ အနည်းဆုံး တစ်ရာ ပတ်ဝန်းကျင်သာ ရှိ၍၊ ဝတ္ထုတိုမှာမူ အပုဒ်ရေငါးဆယ်ပင် မပြည့်သည်ကို တွေ့ရပါသည်။ ထိုအထဲမှ ကိုယ့်စိတ်ကြိုက် ပြန်ရွေးနှုတ်ရမည်ဆိုလျှင် အနည်း အကျဉ်းခန့်သာ ကျန်တော့မည် ဖြစ်ပါသည်။

ပန်းခေတ်လမင်းစာပေမှကဗျာစာအုပ်ထုတ်မည်ဆိုသောအခါ (၂၄) ပုဒ် ပြည့်အောင်ပင် မနည်းစုဆောင်းပေးလိုက်ရကာ ထိုအထဲတွင် ကိုယ်ကိုယ်တိုင် စိတ်တိုင်းမကျတာတွေပါနေသည်။ (ကျန်ကဗျာများကိုမူ ပြန်လည်ထုတ်ဝေဖို့ ရည်ရွယ်ချက်မရှိ တော့ပါ။)

ကဗျာထက်စာလျှင်ဝတ္ထုတိုပေါင်းချုပ်စာအုပ်များကို အမှတ်မထင် ပို၍ ထုတ်ဝေဖြစ်သလို ဖြစ်နေပါသည်။အမှတ်မထင် ဆိုသောစကားကိုအသုံးပြုရခြင်းမှာသာမန်အားဖြင့်ကျွန်တော်သည် ယခုကဲ့သို့ ကဗျာပေါင်းချုပ်၊ ဝတ္ထုတိုပေါင်းချုပ်စာအုပ်များထုတ်ဝေရန်ကိစ္စ၌ အထူးတလည် စိတ်ဝင်စားမှု နည်းပါးကာ ထုတ်ဝေရန်လည်း ကြိုးစားခဲ့ခြင်း မရှိဘဲလျက် (ထုတ်ဝေရန် ပြောလာသူအချို့ကိုပင် ငြင်းပယ်ခဲ့ပါလျက်) စာအုပ်များ ဖြစ်ပေါ်လာသောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ဝတ္ထုတိုပေါင်းချုပ် ပထမဆုံးစာအုပ် **"အခြားသောအရာများနှင့်လူ"** ကို ရေတာမာစာပေမှ ကိုကျော်သန်းက ၁၉၉၄ က ထုတ်ဝေခဲ့ပါသည်။ စာအုပ် အပြင်အဆင်ကအစ ဘာမှ ကျေနပ်စရာ မကောင်းပါ။ (ကြုံ၍ပြောခြင်းဖြစ်၍ ကိုကျော်သန်းကို အပြစ်တင်လိုသော သဘောမရှိပါ။ သူ့ဘက်က ချို့ယွင်းချက်ကို ကျေနပ်လောက်အောင် တောင်းပန်ပြီး ဖြစ်ပါသည်)။

စာအုပ်ထုတ်ဝေရန် စိတ်ကုန်သွားပါလျက် ကဗျာရေးသောဒတ္တနှင့် ရန်မျိုးသိမ်း ရောက်လာသောအခါ (ဒတ္တက အဖေါ်လိုက်လာခြင်း) လူငယ်တွေကို အားပေးချင်စိတ်ဖြင့် ကျွန်တော်၏ဝတ္ထုတို (၁၇)ပုဒ်ကို အားတက်သရော ပေးလိုက်ပါသည်။ မင်းသားလေး၊ မီးလျှံပန်း၊ ချက်ကော့ဝတ္ထုတို ပေါင်းချုပ်စာအုပ်များ ထုတ်ဝေသော **အနာဂတ်ကာလ**စာ ပေတိုက်ဖြစ်ပါသည်။ သို့သော်လည်းအကြောင်းကြောင်းသောအကြောင်းကြောင်းကြောင့်ထို"စက္ကူပေါ်ကသစ်ပင်နှင့် အခြားသော ဝတ္ထုတိုများ" အမည်ဖြင့် ကျွန်တော့်စာအုပ်မှာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့သည့်တိုင်အောင် ထွက်ပေါ်လာခဲ့ခြင်း မရှိပါ။ ထိုဝတ္ထုတိုပေါင်းချုပ်တွင် ကျွန်တော်၏ဝတ္ထုများကို ကျွန်တော်ကိုယ်တိုင် သုံးသပ်ဝေဖန်ထားသော စာတမ်းတစ်စောင် ပင် ပါလိုက်သေးသည်။

ယခု တတိယအကြိမ် စီစဉ်သည့် ဗန္ဓုတ်နှင့်အခြား ဝတ္ထုတိုများ။ ဝတ္ထုတိုစုမှာ ရှေ့က (၁၇)ပုဒ်နောက်ပိုင်း ရေးသားခဲ့သော ဝတ္ထုတိုများ ဖြစ်ပါသည်။

ကျွန်တော်၏ ကဗျာစာအုပ်ကိုစီစဉ်သော ပန်းခေတ် လမင်းကပင် ထုတ်ဝေဖြစ်ပါမည်။ ပန်းခေတ်လမင်း ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com


နှစ်ဦးမှာ ကျွန်တော်၏ ညီငယ် ညီမငယ်များလိုပင် ခင်မင်ရင်းနှီးသူများဖြစ်ခြင်းကြောင့် ဤအကြိမ်တွင် စိတ်ညစ်ရမည် မထင်ပါ။

နောက်တစ်ချက်မှာ ကျွန်ဝတ္ထုတိုများကို ထုတ်ဝေရန် ကျွန်တော်ပင် ထူးထူးခြားခြား တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ အချိန် အခါနှင့် အခြေအနေအရ လိုအပ်သည်ဟု ယူဆသောကြောင့် ဖြစ်ပါ သည်။

(၄)

ဤဗန္ဒတ်နှင့် အခြားဝတ္ထုတိုများ စာအုပ်ထွက်သွားပြီးလျှင် အနှစ်သုံးဆယ်အတွင်း ကျွန်တော် ရေးခဲ့သမျှဝတ္ထုတွေ အားလုံးနီးပါးလောက်ပင် စုစည်းထုတ်ဝေပြီး အခြေအနေသို့ ရောက်ရှိသွားပါလိမ့်မည်။ (ချန်ရစ်ခဲ့သော ဝတ္ထုတိုအချို့ ရှိပါသေးသည်) သူ့တစ်သက်တွင် ဝတ္ထုတို (၁၄) ပုဒ်သာ ရေးသားသွားသော ဆရာကြီး ဂျမ်းဂွိုက်ကတော့ "ရေးလှချည်လား"ဟု ပြုံးကောင်း ပြုံးပေလိမ့်မည်။ သို့သော် ကျွန်တော်တို့ နိုင်ငံအခြေ အနေ အရပ်ရပ်ဖြင့် ကျွန်တော် ဤမျှရေးခဲ့မိသည် (အပုဒ်ရေ ငါးဆယ်ခန့်) ကို များလှပြီဟု ကျွန်တော် မထင်ပါ။ ကျွန်တော် သဘောအတိုင်းသာ ရေးရလျှင် ဒီထက်နည်းပါလိမ့်မည်။ ကျွန်တော်ကို ဤမျှရေးဖြစ်အောင် ဆင်ကို ချွန်းဖြင့် မပြတ်တို့သကဲ့သို့ တို့ကာ ခိုင်းခဲ့သော သူငယ်ချင်း အယ်ဒီတာများကို ဤနေရာမှနေ၍ ကျေးဇူးတင်စကား ဆိုရပါမည်။ အထူးသဖြင့် ဒဂုန်မဂ္ဂဇင်း ထုတ်ဝေစဉ်က ကိုမြတ်သစ်၊ ကိုကိုထူး တို့နှင့် နောက်ပိုင်း သရဖူမဂ္ဂဇင်းမှ ကိုငြိမ်းအေး၊ ကိုကြွက် တို့ကို ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော် ဝတ္ထုတိုပေးလျှင် လိုလိုချင်ချင် ထည့်ပေးတတ်သော ဟန်သစ်မှ ကိုတင်ကိုအောင်နှင့် ရနံ့သစ်မှ ကိုချစ်ဝင်းမောင်တို့၏ ကျေးဇူးကိုလည်း မေ့လျော့၍ မဖြစ်နိုင်ပါ။ ကျွန်တော့်ဝတ္ထုတိုများကိုထည့်သွင်းဖော်ပြခဲ့ကြသော ကျန်မဂ္ဂဇင်းများမှ အယ်ဒီတာများကိုလည်း မချန်မလှပ် ကျေးဇူးတင်ပါသည်။ နောက်ဆုံး ကျေးဇူးတင်ရမည့်သူ နှစ်ဦးမှာ ပန်းခေတ်လမင်းမှ တာရာမင်းဝေနှင့် မနော်ဟရီတို့ ဖြစ်မည်ထင်ပါသည်။

**အားလုံးကို ကျေးဇူးတင်လျက်**

**သစ္စာနီ**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# အလွမ်းမပါသောပြဇာတ်

အဲဒီနေ့က နေသည် ခါတိုင်းလိုပင် အရှေ့ဘက်မှ ထွက်ခဲ့၏။ ထိုင်နေကျလက်ဘက်ရည်ဆိုင်မှာ ထိုင်နေရင်း ကိုဘုန်းဝေ က 'လူ့လောကဆိုတာ ကြက်ဥခွံတွေ စုထည့်ထားတဲ့ အမှိုက်ခြင်းနဲ့ တော်တော်တူတာကွ' လို့ဆိုသည်။ မောင်မင်းဇော်က လေးစားမှု တစ်ဝက် သံသယတစ်ဝက်ဖြင့် 'ခင်ဗျား ဥပမာက မဟုတ်သေးပါ ဘူးဗျာ၊ ဒါဖြင့် အဲဒီ ကြက်ဥတွေထဲက အနှစ်တွေကို ဘယ်သူက ဖောက်သောက်ပစ်သလဲ' ဟု စောဒကတက်၏။

ကိုဘုန်းဝေက ထုံးစံအတိုင်း မောင်မင်းဇော် စကား ကို ဂရုမစိုက်ဘဲ အရှေ့ဘက်ကိုသာ မေးငေါ့ပြကာ 'ဟောဟိုမှာ ကြက်ဥခွံတစ်ခု လာနေပြီ' ဟု ပြောလိုက်၏။ မောင်မင်းဇော် လှည့်ကြည့်လိုက်တော့ သူတို့ စားပွဲရှိရာကို လျှောက်လာနေသော ကိုသက်ခိုင်ကို တွေ့ရလေသည်။ ကိုသက်ခိုင်က သူ့ပင်ကိုဟန် အတိုင်း နှမ်းယဲ့ယဲ့ပြုံးရင်း ကုလားထိုင် အလွတ်တစ်လုံးမှာ ဝင်ထိုင် ၏။ သူတို့နှစ်ယောက်ကို တွေ့သဖြင့်သာ ကိုသက်ခိုင် ဤလက်ဖက်ရည်ဆိုင်ကို ဝင်လာခြင်းဖြစ်ကြောင်း မောင်မင်းဇော်


www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းသိသည်။ ကိုသက်ခိုင်က လက်ဖက်ရည်ဆိုင် ထိုင်လေ့မရှိ။ သို့မဟုတ် ဤလက်ဖက်ရည်ဆိုင်တွင် ထိုင်လေ့မရှိ။

ဘော်ဒါဆောင်တွင် ရှိနေလျှင် တစ်ချိန်လုံး စာအုပ်တစ်အုပ်နှင့် အခန်းအောင်းနေတတ်သူသာ ဖြစ်သည်။ လမ်းထွက်လျှင်လည်း ကြုံတဲ့နေရာမှာ ဖတ်ဖို့ လက်ထဲမှာ စာအုပ်တစ်အုပ် အမြဲပါတတ်၏။ သူ့လက်ထဲမှာ ပါလာသော စာအုပ်ကို စားပွဲပေါ် လှမ်းတင်လိုက်သောအခါ ပင်ဂွင်းတိုက်ထုတ် ကမူး၏ ပလိပ်ဝတ္ထု ဖြစ်နေသည်ကို တွေ့ရ၏။ မောင်မင်းဇော် ကိုယ်တိုင်လည်း ဤစာအုပ် ဘာသာပြန်ကိုတော့ ဖတ်ပြီးပြီ။ နားလည်ရခက်သော စာအုပ်ဖြစ်၏။ စားပွဲပေါ်တင်လိုက်သော ထိုစာအုပ်ကို သူ့လိုပင် လှမ်းကြည့်လိုက်သည့် ကိုဘုန်းဝေမျက်နှာပေါ်၌ သရော်ပြုံးကလေး တစ်ခု လင်းလက်သွားတာကို မောင်မင်းဇော် အကဲခတ်လိုက်မိ၏။

တစ်ခါက ကမူးရဲ့ အပြင်ကလူကို ဖတ်ပြီးစ မောင်မင်းဇော်က ကိုဘုန်းဝေကို 'ခင်ဗျား ကမူးစာတွေ မကြိုက်ဘူးလား' ဟု မေးဖူး၏။ ကိုဘုန်းဝေက သူပြုံးနေကျ အပြုံးနှင့် 'ကမူးဟာ ဘောလုံးလည်း ကန်ဖူးတယ်... ကွန်မြူနစ်ပါတီဝင်လည်း ဖြစ်ခဲ့ဖူးတယ်... အဲဒီ နှစ်ချက်တည်းနဲ့ သူ့စာတွေဟာ ဖတ်ဖို့ မလိုတော့ဘူးကွ...''ဟု မှတ်ချက်ပေးခဲ့ဖူးတာ သွားသတိရ၏။ ပြီးတော့ ပြောသေးသည်။ 'အိတ်ဇစ်စတယ်ရှယ်လစ်ဝါဒ ဆိုတာကို မြန်မာ စာပေလောကမှာတော့ ယင်နားထားတဲ့ သရက်သီးမှည့်တစ်လုံး ဖြစ်နေပြီကွ... သက်ခိုင်ကိုလည်း အဲဒီဝမ်းရောဂါ ကူးစက်နေဟန် တူတယ်... ''

"ဘာသောက်မလဲ ဆရာ... "

စားပွဲထိုးကလေးက ကိုသက်ခိုင်ကို မေး၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ခိုင်က ခပ်တိုးတိုးပင် 'လက်ဖက်ရည်ပေါ့'လို့မလိုအပ်သလို ဖြေ၏။

"ချိုဆိမ့်လား ပေါ့ကျလား... "

စားပွဲထိုးကလေးက ထပ်မေး၏။ ကိုသက်ခိုင်မျက်နှာပေါ်တွင် စိတ်ပျက်လက်ပျက် အမူအရာမှာ ဖုံးဖိမရအောင်ပင် ပေါ်လွင်လာ၏။ သူက သက်ပြင်းတစ်ချက်ချကာ 'ဘယ်လိုဖြစ်ဖြစ်ပေါ့ကွာ'ဟု စိတ်မရှည်စွာ ပြောလိုက်၏။ စားပွဲထိုးလေးက သူ့ကို အူကြောင်ကြောင့်ကြည့်ကာ အနားမှ ထွက်သွားတော့မှ မောင်မင်းဇော်တို့ဘက် လှည့်ပြီး...

'လက်ဖက်ရည်တစ်ခွက်အချိုပေါ့သွားတာ အကျရည်များသွားတာတွေထက် အရေးကြီးတဲ့ ကိစ္စတွေ လောကကြီးမှာ အများကြီး ရှိပါတယ်ဗျာ၊ လူတွေဟာ ဘာလို့ ဒီလို အသေးအဖွဲကိစ္စလေးတွေနဲ့ အလုပ်ရှုပ်ခံနေကြတာလဲ' လို့ ညည်းညူသည်။

သူတို့နှစ်ယောက် (ကိုဘုန်းဝေနှင့် ကိုသက်ခိုင်) သည် ဒီလိုနေရာမျိုးမှာတော့ တူတတ်တယ်လို့ မောင်မင်းဇော်တွေးမိ၏။ နှစ်ယောက်စလုံး၌ပင် တခြားသူတွေနှင့်မတူသော ထူးခြားသည့် ဘဝအမြင်တွေ ရှိနေကြ၏။ သူတို့နှစ်ယောက်ချင်းကျတော့လည်း မတူပြန်။

မောင်မင်းဇော်ကတော့ ဤဘော်ဒါဆောင်တစ်ခုလုံးတွင် သူတန်ဖိုးထားစွာ ပေါင်းသင်းစရာ ဤလူနှစ်ဦးသာရှိသည်ဟု ထင်မြင်နေ၏။ ဒီလူ နှစ်ယောက် ဘော်ဒါဆောင်မှာ နေပုံကလည်း သီးသန့် ဆန်လွန်းအားကြီးသည်။ တခြားလူတွေနှင့် ရောရောနှောနှောမရှိ။ သူတို့ နှစ်ယောက်လုံးက နယ်မှကျောင်း လာနေသော မောင်မင်းဇော်ကို ညီငယ်လို သဘောထားကာ ဆက်ဆက်ဆံဆံ

www.burmeseclassic.com



ရှိကြတာကိုပင် မောင်မင်းဇော် အဖို့ ရခဲသော ဆုလာဘ်တစ်ခုအဖြစ် မှတ်ယူရသေးသည်။ ကိုဘုန်းဝေ အသက်က လေးဆယ်ဝန်းကျင် (သူ့အသက်ကို ခန့်မှန်းရတာမလွယ်)၊ ကိုသက်ခိုင်က သုံးဆယ်ဝန်းကျင်။ ကိုဘုန်းဝေက ရှိရင်းစွဲ အသက်ထက် နုပျိုသလို ထင်ရပြီး ကိုသက်ခိုင်ကတော့ ရှိရင်းစွဲ အသက်ထက် ရင့်ရော်သလို ထင်ရလေသည်။ သူ့အပေါ် ကိုဘုန်းဝေ၏ ဆက်ဆံရေးက တရင်းတနှီးရှိပြီး ကိုသက်ခိုင် ဆက်ဆံရေးက တလေးတစား ရှိသည်ဟု ခံစားရသည်။ သူတို့ သုံးယောက်စလုံး တူတာတစ်ခုကတော့ စာပေကို ဝါသနာပါကြခြင်းဖြစ်သည်။

အခုတော့ နှစ်ယောက်လို့ပြောရင်လည်း မမှားဟု ထင်သည်။ တစ်လောကတော့ ကိုဘုန်းဝေသည် သူ့အခန်းနှင့် အပြည့်ရှိသော စာအုပ်တွေကို ကားတစ်စီးတိုက် သယ်ချသွားကာ ရောင်းခဲ့၏။ ပြီးတော့ ရတဲ့ငွေကို ဝိတ်မသည့် ဝိတ်ပြားတွေ အတံတွေနှင့် အားကစားကိရိယာတွေ ဝယ်လာသည်။ အရင်က စာရွက်လှန်သံတဖျပ်ဖျပ် ကြားရသည့် သူ့အခန်းထဲမှာ အခုတော့ ဝိတ်မ,သည့် ချသည့်အသံ တချွင်ချွင်သာ ကြားရသည်။

'ပညာရှိဆိုပြီးလေအေးကလေးတိုက်ရုံ၊ နေပူကလေးထွက်ရုံနဲ့ နှာစေးဖျားနာနေရင် ဘယ်ဟုတ်တော့မလဲကွာ၊ ရုပ်နဲ့နာမ်နဲ့ ဖွဲ့ထားတဲ့လူဟာ နှစ်မျိုးလုံး ကြံ့ခိုင်ဖို့လိုတာပဲ... လူတော်များများ မဖတ်နိုင်တဲ့ စာမျိုးကို ငါ အနှစ်သုံးဆယ်လောက် အဆက်မပြတ် ဖတ်ခဲ့ဖူးပြီ၊ ငါ့ကိုယ်မှာ လိုနေတာ တစ်ခုပဲရှိတော့တယ်ကွ... အဲဒါက ကြွက်သားပဲ'

ဟုလည်း မောင်မင်းဇော်ကို ပြောခဲ့၏။ မိုးကလေးနည်းနည်းညို့ရင် ဆွယ်တာအကျႌကို ရင်ပတ်စေ့ဝတ်ရလေ့ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ခိုင်ကတော့ ထူးထူး ခြားခြား မဝေဖန်ဘဲ ထုံးစံအတိုင်း နွမ်းယဲ့ယဲ့သာ ပြုံးသည်။ သူတို့အပြုံးတွေကလည်း တစ်ဘာသာ စီပင်။ ကိုဘုန်းဝေ အပြုံးက တစ်လောကလုံးကို ထီမထင်တဲ့ သရော်ပြုံး။ ကိုသက်ခိုင် အပြုံးကတော့ တစ်လောကလုံးကိုလက် မြှောက် အရှုံးပေးထားရတဲ့ မချိပြုံး။

တစ်ခါကကိုဘုန်းဝေက မောင်မင်းဇော် ပြသော မဂ္ဂဇင်းထဲမှ ကိုသက်ခိုင်၏ ကဗျာတစ်ပုဒ်ကို စိတ်လိုလက်ရ ခုလို ဝေဖန်ဖူး၏။

"သူ့ကဗျာတွေက သူ့ကို လောကကြီးက၊ ဒါမှ မဟုတ် တခြားလူတွေက၊ နောက်ဆုံး ကွဲသွားတဲ့ သူ့မိန်းမနဲ့ ယောက္ခမတွေက ဖြစ်ဖြစ်ပေါ့ကွာ၊ နားလည် ခွင့်လွှတ်ကြဖို့ တောင်းပန် ရှင်းပြနေတာပဲ၊ အဲဒါကိုပဲ သူက ဘဝအမြင်လို့ ထင်နေသလား မသိဘူး… ဒီအတွက်နဲ့တော့ ကဗျာ ရေးမနေ သင့်ပါဘူးကွာ…နောက်ဆုံး ခွင့်လွှတ်စရာရှိတယ် ဆိုရင် တောင် အနုပညာသမားကသာ လောကကြီးကို ခွင့်လွှတ်ခဲ့ ရမှာပါ… "

ကိုသက်ခိုင်ကတော့ ကိုဘုန်းဝေကို အကောင်း အဆိုး ဝေဖန်ခဲ့သည်။ လွန်ခဲ့သော ဆယ့်ငါးနှစ် ကျော်ကျော်က တော့ ကိုဘုန်းဝေသည်လည်း ကဗျာကောင်းကြိုက်သူတို့အကြား မှာ အနည်းငယ် ထင်ရှားသော ကဗျာဆရာတစ်ယောက်ဖြစ်ခဲ့ သည်ဟု ဆို၏။ ဒီအချိန်ကဆို မောင်မင်းဇော် မူလတန်းကျောင်း ရောက်စပဲ ရှိဦးမည်။ ကိုသက်ခိုင်ကတော့ ကိုဘုန်းဝေ ကဗျာတချို့ ကို ခုထိ အလွတ်ရွတ်ပြနိုင်သေးသည်။ ဒီတစ်ချက်တည်းနှင့်ပင် ကိုဘုန်းဝေအပေါ်မှာ သူ အနွံအတာ ခံနိုင်ခဲ့တာလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ ဘာဖြစ်လို့ ကဗျာဆက်မရေးတော့တာလဲ' လို့ မောင်မင်းဇော်က ကိုဘုန်းဝေကို မမေးရဲသော မေးခွန်းအား ကိုသက်ခိုင်ကို မေးဖူး၏။ 'ဒီလူကတစ်မျိုးပဲ... သူအနိုင်နဲ့ ပိုင်းခဲ့တာ နေမှာပေါ့၊ ဒါမှ မဟုတ် တခြားအကြောင်း တစ်ခုခုလည်း ရှိချင်ရှိမယ် တစ်ခါတော့ ပြောဖူးတယ်... '

ဒီဘော်ဒါဆောင်ကို မောင်မင်းဇော် မရောက်ခင်ကတည်းကပင်၊ သူတို့နှစ်ယောက်မှာသိခဲ့ကြပြီးပြီ။ သို့သော် သူတို့သဘာဝအတိုင်း ဆက်ဆံရေးက တစိမ်းပြင်ပြင်လည်းမဟုတ်။ ရင်းနှီးကျွမ်းဝင်သည်ဟုလည်း မဆိုသာ။ ကိုသက်ခိုင်က...

"သူကပြောတယ်...လူတစ်ယောက်ဟာ ကဗျာ ဖြစ်သွားပြီဆိုရင် သူ့ရဲ့အသွေးအသား အကြောတွေကအစ သူ့ခန္ဓာကိုယ် တစ်ခုလုံးက ကဗျာဖြစ်သွားတာ၊ သူ့အနေနဲ့ ကဗျာမရေးလည်း ကိစ္စမရှိဘူး... ကဗျာရေးနေတာ မရေးတာတော့ အကြောင်းမဟုတ်ဘူး...သူ့ကိုယ်နှိုက်က ကဗျာ ဖြစ်နေတာပဲ ဟာ သူဟာ တကယ့်ကဗျာ အတုံးအခဲကြီးပဲတဲ့... "

မောင်မင်းဇော်မှာ ကဗျာမရေးတော့သူ ကဗျာရေးနေသူ နှစ်ဦးရဲ့အကြားက ကဗျာရေးချင်သူသာ ဖြစ်သည်။ ဤအဆောင်ရောက်စက ခေတ်ပေါ်ကဗျာတစ်ပုဒ်ကိုဖတ်ပြီးသဘော မပေါက်ဖြစ်နေသော မောင်မင်းဇော်သည် ကိုသက်ခိုင်အခန်းသို့ သွားကာ အကူအညီတောင်းရာက စတင်သိခဲ့ကြ၏။ ကိုသက်ခိုင်က ပြုံးကာ...

'ခင်ဗျားက ကဗျာဖတ်ရတာ ရေသောက်သလိုဖတ်တာကို... ကဗျာဖတ်တာ ဖာလူဒါသောက်သလို ဖတ်ရတယ်ဗျ...' ဟု အသေးစိတ် ရှင်းပြခဲ့၏။ ပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com


'အမှန်တော့ ဘယ်ကဗျာကိုမှ ကျွန်တော် အခုလို အဓိပ္ပာယ်ဖွင့်ဆို ရှင်းမပြချင်ဘူး... အဲသလို လုပ်ရတာ အနုပညာ ရာဇဝတ်မှုတစ်ခု ကျူးလွန် ရသလိုပဲ လိပ်ပြာမသန့်သလို ခံစားရ တယ်... ပန်းပွင့် တစ်ပွင့်ရဲ့အလှကို ပွင့်ဖတ်တွေ၊ ဝတ်မှုန့်တွေ တစ်စစီ ဖြုတ်ချွေပြီး ရှာသလိုပေါ့'ဟု ဝမ်းနည်းသံနှင့် အဆုံးသတ် ခဲ့၏။

မောင်မင်းဇော်အဖို့တော့ သူတို့နှစ် ယောက်လုံးမှာ တစ်မျိုးစီ အံ့သြစရာ ဖြစ်ခဲ့ရသည်။ ကဗျာဆရာ ယက်တူရှင်ကိုနှင့် တွေ့ဆုံမိတ်ဆက်ရန် ဖိတ်စာ၊ အပြင်ကလူ (ကမူးရဲ့ဝတ္ထု) ပြဇာတ် ကို လာရောက်ကြည့်ရှုရန် ဖိတ်စာများမှာ အလုံးလုံး အထွေးထွေး နှင့် ကိုသက်ခိုင် အမှိုက်ခြင်းထဲ ရောက်နေတာ တွေ့ရ၏။

အနီးကပ် ပေါင်းသင်းနေသော မောင်မင်းဇော်ပင် သူတို့နှစ်ဦးအကြောင်းကို စေ့စေ့ငုငုမသိ။ ကိုသက်ခိုင်သည် ကဗျာ ရေးသည်။ ဝတ္ထုတိုရေးသည်။ (အပေါစား လုံးခြင်းဝတ္ထုများရေး ရောင်းစားသည်ဟုလည်း ပြောဖူး၏)။

သူအိမ်ထောင်ကျဖူးတာ ယောက္ခမနှင့် အဆင်မပြေ သဖြင့် အိမ်က ဆင်းလာခဲ့ရသလိုလို။ သူ့ မိန်းမက သဘော်သား တစ်ယောက်နှင့်ပဲ လက်ထပ်သွားသလို။ ဒါက အဆောင်နေ တခြား လူတွေဆီက ကြားရသော စကားများဖြစ်၏။ ကိုဘုန်းဝေကိုတော့ လေလွင့်နေသော သူဌေးသားဟု ကွယ်ရာမှ လှောင်ခေါ်သံကြားရ၏။ တစ်လတစ်ခါ ဒီလူဘဏ်က ငွေထုတ်သုံးနေတာ ကိုတော့ မောင်မင်းဇော်လည်း မြင်သိနေသည်။ ကိုဘုန်းဝေ နေထိုင်ပုံက တစ်မျိုး။ သူ့ဘဝကို ဘယ်သောအခါမှ ကွယ်ဝှက် ဖုံးကွယ်ခြင်းမရှိ။ ထို့အတူ ဖွင့်ဆို ရှင်းလင်းခြင်းလည်း မရှိ။ သူ့မှာ အမေ မရှိတော့။


www.burmeseclassic.com

www.burmeseclassic.com


အဖေက မန္တလေးမှာ၊ နောက်မိန်းမငယ်နှင့် နေသည်။ သူကလည်း အဖေဆီက လိုချင်တာတစ်ခုပဲရှိ၏။ ငွေဖြစ်သည်။ ဒီလိုနှင့် သူတို့ သားအဖနှစ်ယောက် ဘဝမှာ အပေးအယူ တည့်နေသည်ဟုလည်း တစ်စွန်းတစ်စ သိရ၏။

ကိုသက်ခိုင်ကတော့ မဝေဖန်စဖူး။

'ဒီလူက ဘဝကို ပြဇာတ်ရှည်ကြီးတစ်ပုဒ် ကနေရသလို သဘောထားတဲ့ လူဗျ' ဟု ပြောဖူး၏။ 'တစ်ခုတော့ရှိတယ်... ဒီလူက ကိုယ့်ကိုယ်ကို ယုံကြည်မှုတော့ တော်တော် ပြင်းထန်တဲ့လူ... သူ ငါးမျှားနေတာတွေ့လို့ ဘာလုပ်နေတာလဲ သွားမေးရင် ငါးရှူ မျှားနေတာလို့ ပြောမယ့်လူ... '

'ဟုတ်တယ်... မာနတစ်မျိုးပေါ့လေ' ဟု မင်းဇော်က ထောက်ခံ၏။ ကိုသက်ခိုင်က အဝေးကို ငေးကြည့်နေသော မျက်လုံးများဖြင့်...

'ကိုယ်လည်း မာနကြီးခဲ့ဖူးပါတယ်...ဘယ်လောက်ကြီးခဲ့သလဲဆိုရင် ကိုယ့်အရိပ်ကိုတောင် သူများအနင်းမခံအောင် မာနကြီးခဲ့ဖူးတယ်... လမ်းပေါ်မှာ လူချင်းဆုံရင် ကိုယ်ကသာ သူများအရိပ်ကို နင်းရအောင် ရှောင်ကွင်း လျှောက်ခဲ့တယ်... ပြန်တွေးကြည့်တော့လည်း ဒါဟာ ရူးသွပ်မှု တစ်ခုပါပဲ... ကိုယ် လယ်တီဆရာတော်ဘုရားရဲ့ စာတစ်ပုဒ် သွားဖတ်မိတယ်... ဘယ်ဒီပနီထဲမှာလည်းတောင် မမှတ်မိဘူး... အဲဒီမှာ ရေးထားတာက လူဆိုတာ ကမ္ဘာမြေကြီးရဲ့ အဆင်တန်ဆာသာ ဖြစ်တယ်တဲ့... မြေစောင့်မျှသာ ဖြစ်တယ်တဲ့... ကိုယ့်ရင်ထဲက မာနတွေလည်း တစ်ဝက်လွင့်စဉ် သွားတော့တယ်..'

"ကိုဘုန်းဝေကို ကြည့်ရတာ ဘာကိုမှ အတွယ်အတာ

www.burmeseclassic.com

www.burmeseclassic.com



မရှိသလိုဘဲနော်...”

သူနေခဲ့တဲ့ သက်တမ်းတစ်လျှောက် ကိုဘုန်းဝေဆီကိုလာတဲ့ စာတစ်စောင်မှလည်း မတွေ့စဖူး။ ဧည့်သည်တစ်ယောက်မှလည်း မတွေ့စဖူး။

‘ဒီလူက လောကကို သမ်းဝေစရာလို့ မြင်နေရတဲ့လူပဲ... အသက်လေးဆယ်အရွယ်မှာ ဘဝကို အဲသလိုမြင်တာကတော့ နည်းနည်းစောလွန်းတယ်ထင်တယ်’ ဟု မှတ်ချက်ချ၏။

‘ကိုယ်လဲ အနုပညာကို တွယ်တာတဲ့ စိတ်ကိုတော့လျှော့လို့မရဘူး ဖြစ်နေတယ်... အမှန်ကတော့ နိဗ္ဗာန်ရောက်ရာရောက်ကြောင်း တရားအတွက်ကလွဲပြီး ဘာအတွက်ကြောင့်မှအသေမခံသင့်ဘူး... ငါ့သား ငါ့မယားအတွက်၊ အနုပညာအတွက်ဘယ်အတွက်ကြောင့်ပဲသေသေ၊ ဒီလောက် သက္ကာယဒိဋ္ဌိကြီးနဲ့သေရင် အပယ်လားမှာကတော့ သေချာနေတယ်’

ကိုဘုန်းဝေကတော့ ‘လောကမှာ ခေါင်းကိုက်ပျောက်ဆေးပြားတွေနဲ့ ပြည့်တန်ဆာမတွေ ရှိနေရင် လုံလောက်ပါတယ်ကွာ’ ဟု ပြောခဲ့ဖူး၏။ သူ ပြည့်တန်ဆာအိမ် သွားတာမတွေ့ဖူးသော်လည်း ခေါင်းကိုက်ပျောက်ဆေးပြားတွေကို ပဲကြီးလှော်လို စားနေတာကိုတော့ မကြာခဏ တွေ့ရတတ်၏။

‘ကုသိုလ်လည်း ဝမ်းမမြောက်နဲ့ကွ၊ ဝမ်းမြောက်ရင်လောဘဖြစ်တယ်...အကုသိုလ်ကိုလည်း တွေးကြောက်မနေနဲ့...ကြောက်တယ်ဆိုတာ ဒေါသတစ်မျိုးပဲ... အဲဒီ အစွန်းတရားနှစ်ပါးကလွတ်အောင်နေ...သံသရာဆိုတာ ဘာမှမဟုတ်ဘူး...မျဉ်းဖြောင့်တစ်ကြောင်းပဲ’ လို့ မောင်မင်းဇော်ကို ပြောဖူးသည်။ မောင်မင်းဇော်ကောင်းကောင်းနားမလည်။ ကိုဘုန်းဝေနှင့် ကိုသက်ခိုင် မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးနှင့် ပတ်သက်ပြီး လေးလေးနက်နက် ပြောကြတာ သူ ကြုံဖူးသည်။ သူတို့ အယူအဆတွေက တစ်ခါတလေ သူ အစဉ် အလာ ကြားဖူးထားတာတွေနှင့် ဖီလာဖြစ်နေတတ်၏။

အခုတလောတော့ သူတို့သုံးယောက် သိပ်မဆုံဖြစ်။ မောင်မင်းဇော်က စာမေးပွဲနီးပြီမို့ ဖုတ်ပူမီးတိုက် စာကျက်နေ၏။ ဒီကြားထဲကပင် ကိုသက်ခိုင်ဆီကို အသက် နှစ်ဆယ်ကျော်အရွယ် ကောင်မလေး ချောချောတစ်ယောက် ကိုယ်ပိုင်ကားအသစ်ကလေး တစ်စီးနှင့် မကြာမကြာ လာနေတာကိုတော့ သတိထားမိသေး၏။ ကိုသက်ခိုင်က စာပေဝါသနာပါတဲ့ ဆေးကျောင်းသူ လေးလို့ပြောပြ ၏။

စာမေးပွဲဖြေအပြီး ကျောင်းပိတ်တော့ မောင်မင်းဇော် အညာပြန်ရလေသည်။ ကျောင်းဖွင့်လို့ ဘော်ဒါဆောင် တစ်ခေါက် ပြန်ရောက်တော့ အခြေ အနေတွေက သိသိသာသာ ပြောင်းလဲနေ လေသည်။ ဤဘော်ဒါဆောင်မှာ သူအတွေ့ချင်ဆုံး လူနှစ်ဦးလုံး မရှိတော့။

"ကိုဘုန်းဝေဘယ်ပြောင်းသွားသလဲ ခင်ဗျာ..."

သူ့အမေးကို အဆောင်မှူးက ခပ်တိုတိုဖြေ၏။

"တမလွန်ကို ပြောင်းသွားတယ်... "

"ခင်ဗျာ... "

"ပြီးခဲ့တဲ့ လကပဲ အစာအိမ်သွေးယိုတဲ့ရောဂါနဲ့ ဆေးရုံပေါ် မှာ ဆုံးသွားပြီလေ... "

မောင်မင်းဇော်ရင်ထဲမှာ ရုတ်တရက် ကွက်လပ်ကြီး တစ်ခု ဖြစ်သွား၏။ သူ့အသည်းနှလုံးမှာ ဟင်းလင်းပြင်ထဲကို ပေါ့ပါးစွာ လွင့်စင်သွားသလို ခံစားရသည်။ ကိုသက်ခိုင်နှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com


ပြီး ထပ်မမေးရဲတော့အောင်ပင် ဖြစ်သွား၏။အားတင်းပြီးမှ...

"ကိုသက်ခိုင်ရော... "

"သူက လက်ထပ်သွားပြီ"

ကြားရတဲ့စကားတွေက မယုံနိုင်စရာ။ သူ ဘော်ဒါဆောင် ပြန်ရောက်နေတယ်ကြားတော့ ကိုသက်ခိုင်က တစ်ခေါက်လာတွေ့၏။ ကိုယ်ပိုင်ကား အသစ်ကလေးတစ်စီးကို သူကိုယ်တိုင် မောင်းလာသည်။

"ခင်ဗျား လက်ထပ်ဖြစ်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး..."

မောင်မင်းဇော်က ပွင့်ပွင့်လင်းလင်း ပြောလိုက်၏။ သူက ယဲ့ယဲ့ပြုံးရင်း...

"ကိုယ့်ကိုယ်ကိုလည်း မထင်ပါဘူး...ကိုယ်က လက်မထပ်ချင်ဘူး ငြင်းလိုက်တော့ ကောင်မလေးက သူ့ကိုယ်သူ သတ်သေဖို့ ကြံတယ်"

"ဒါနဲ့ ခင်ဗျားက သနားပြီးယူလိုက်တယ် ဆိုပါတော့..."

"သူ့ကိုသနားလို့ မဟုတ်ဘူး...လူတစ်ယောက်ရဲ့ မာနကို သနားလို့... အဲဒါနဲ့ပဲ လက်ထပ်ဖြစ်သွားတာ... လူတစ်ယောက်အတွက် အထိခိုက်ဆုံး ဝမ်းနည်းကြေကွဲစရာကိစ္စဟာ သူ့မာနကို အထိပါးခံရတာပဲလို့ ကိုယ်ထင်တယ်..."

"ကိုဘုန်းဝေဆုံးတော့ ကျွန်တော့်ဆီကို ဘာလို့ စာမရေးတာလဲ..."

"ကိုဘုန်းဝေက မသေခင်မှာသွားတယ်... မင်းဇော်လေးဆီ အကြောင်းကြားမနေနဲ့... ရှုပ်တယ်တဲ့..."

"ဘာရှုပ်တာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ခိုင်က မောင်မင်းဇော် အမေးကို ဂရုမစိုက်ဘဲ သူပြောချင်ရာကို ဆက်ပြော၏။

"သူသေသွားတာကို ကိုယ်တောင် မနာလိုဘူး"

ခဏ တိတ်ဆိတ်ပြီးမှ...

"ကိုယ်ကြုံဖူးသမျှတွေထဲမှာတော့ ပကာသန အကင်းဆုံးနဲ့ အရိုးစင်းဆုံးအသုဘတစ်ခုပဲ... ဘဝမှ မထင်မရှား သေချင်တဲ့ သူ့ဆန္ဒ ပြည့်ဝသွားကောင်းပါရဲ့... "

"ဘယ်မှာ သင်္ဂြိုဟ်သလဲ... "

"ကြံ့တောမှာ... "

သည်လိုနှင့် ထိုနှစ်ယောက်မှာ မောင်မင်းဇော် ဘဝထဲမှ တစ်ယောက်က ကိုယ်ပိုင်ကားနှင့် ထွက်ခွာသွား၍၊ တစ်ယောက်က မီးခိုးငွေ့အဖြစ် ထွက်ခွာသွားလေသည်။

**သစ္စာနီ**

သဘင်မဂ္ဂဇင်း၊ မတ်လ–၁၉၈၈။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ငန်းနှင့်ရေ

ခြံစပ်မြက်ခင်းတွင် နေစာလှုံနေသော ငန်းနှစ်ကောင်ကို ကိုယ်ငေးကြည့်မိပြန်သည်။ ဤဇာတ်နှင့် ပတ်သက်သည့် ကကွက်များ စီစဉ်သည့်အခါ အထောက်အကူရအောင် သဘာဝ ငန်းတို့၏ လှုပ်ရှားသွားလာဟန်ကို လေ့လာရန် ရည်ရွယ်ချက်ဖြင့် ဤငန်းနှစ်ကောင်ကို မွေးခဲ့၏။ ကိုယ့်ငန်းတွေကကိုယ်နှင့် မရင်းနှီးလှသေး။ အနည်းငယ်စိမ်းနေသေး၏။ ကိုယ်က ငန်းနှစ်ကောင် အနားကို ကပ်သွားသောအခါ...

သူ့အနားကို ကပ်လာသည့် မင်းသား ဖရစ်ကိုမြင်ရသောအခါ အိုဒက်က ထွက်ပြေးမည့် ဟန်ပြုသည်။

(အိုဒက်ဆိုသည်မှာ လူ့အသွင် ပြောင်း လာသော ငန်းကလေးအမည်ဖြစ်သည်။) အိုဒက်၏ မျက်နှာကို သေသေချာချာ ကြည့်မိသည့်အခါ ကွဲကွာသွားသော ကိုယ့်ငယ်ရည်းစား၏ မျက်နှာနှင့်တူနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗယ်ဘက်လက်ဝါးပြင်ပေါ်တွင် မှဲ့ကလေးတစ်လုံး ရှိနေတာကအစတူသည်။ မင်းသား ဖရစ်က သူသည် အန္တရာယ် ပြုမည့်သူမဟုတ်ကြောင်း ရှင်းပြ၏။ အိုဒက်က ကြောက်ရွံ့ခြင်း ပြေပျောက်သွားသောအခါ သူမသည် ကျိန်စာမိနေသော မင်းသမီး လေး တစ်ပါးဖြစ်ကြောင်း၊ သူမသည် တစ်နေ့လုံး ငန်းအသွင်နှင့် နေရ၍ နေရောင်ပျောက်မှ လူ့အသွင်ပြန်ရကြောင်း၊ သူ့ကို လူမင်းသားလေး တစ်ပါးက သေတပန်သက်တဆုံး ခိုင်မြဲသော မေတ္တာနှင့်ချစ်ပါမည်ဟု သစ္စာဆိုမှ ဤကျိန်စာမှ လွတ်မြောက်နိုင် မည့်အကြောင်း ပြောပြ၏။

အိုဒက်ကို မြင်မြင်ချင်း ချစ်ခင်မိသည့် မင်းသား ဖရစ်က သစ္စာစကားဆိုသည်။ အိုဒက်၏ ရံရွေတော်ငန်းများလည်း ရောက်လာကာ ချစ်သူနှစ်ဦးကို ပတ်ဝိုင်းကာ ကကြသည်။ အေးချမ်း တိတ်ဆိတ်သော ကန်ဝန်းကျင်သည် အချစ်ဖြင့် အသက်ဝင်၍ ပူနွေး လာသည်။ ထိုအချိန်မှာပင် သစ်ပင်အုပ်များအထက်မှ မဟူရာ ကောင်းကင်သည် တစ်စထက်တစ်စ ဖြူလျော်လာသည်။ နေ့သစ်၏ ဖူးပွင့်မှုသည် မှိုင်းဝေနောက်ကျိသော အလင်းဖြင့် စတင်၏။ အိုဒက် နှင့် သူ့ရံရွေတော်များသည် လူအဖြစ်မှ ငန်းအသွင် ပြန်ပြောင်းကာ တောင်ပံ တဖျပ်ဖျပ်ခတ်ကာ ပျံကြလေပြီ။ ခဏချင်းမှာပင် ပူနွေးစ ရွှေရောင်ကောင်းကင်၌ စက်မျှင် မှိန်ပျောက် သွားကြ၏။ ကြံတောက် သော အလင်းရောင်၊ တိတ်ဆိတ်မှု၊ မင်းသား ဖရစ်၊ ကြေကွဲခြင်းရနံ့နှင့် မလှုပ်မယှက် ကန်ရေပြင်။

လေတိုး၍ လှိုင်းအိထနေသော ခပ်နောက်နောက်



www.burmeseclassic.com

www.burmeseclassic.com



ကန်ရေပြင် တစ်ဝက်ခန့်သည် ကြာဖက်၊ ရေမှော်တို့ဖြင့် ပြည့်ညစ်နေလေပြီ။ ဤလို တစ်နွေလုံးမှာပင် ကိုယ်တို့ရပ်ကွက်သည် ဤသောက်ရေကန်ကို အမှီပြုကြရ၏။ နွေဝင်စရှိသေးသည်။

ကန်ရေမှာ အတော်လျော့နည်းနေလေပြီ။ ကိုယ်တို့နေထိုင်ရာ မြို့သစ်တွင် ရပ်ကွက်တိုင်းလိုလို ဤကဲ့သို့ တူးထား သောကန်မျိုးရှိတတ်၏။ ကန်ထဲ ထိုးသွယ်ထားသည့် တံတားမှ ဆင်းတက်ရေခပ်နေကြသော ယောကျ်ား မိန်းမများကို တွေ့ရသည်။ ဤရေကန်တွင် သရဖူဆောင်းထားသော ကျိန်စာသင့်နေသည့် ငန်းမင်းသမီးလေး တစ်ယောက်တလေကို တွေ့ရဖို့ မမျှော်လင့်နိုင်ချေ။

ကိုယ်ရေးနေသော ဇာတ်ထဲတွင် အိုဒက်က ဤရေကန်မှာ သူ့မိခင်၏မျက်ရည်များမှ ဖြစ်လာကြောင်း ပြောဖူးတာအမှတ်ရ၏။ ယခင်က ဤ သောက်ရေကန်ကို လုံခြုံစွာ ဝင်းခတ်ထားခဲ့၏။

ယခုတော့ စည်းကမ်းမဲ့ လူတို့ ချိုးဖဲ့ ခိုးယူ ဖျက်ဆီးခြင်း ခံရသဖြင့် ဝင်းခြံဟူ၍ မရှိတော့။ နုတ်ယူ၍ မရနိုင်သော တိုင်ငုတ်တချို့တလေသာ တစ်ခါက ဝင်းခြံ ရှိခဲ့ဖူးသည့် သင်္ကေတငယ်အဖြစ်ဖြင့် ကျန်ရစ်နေတော့၏။ လုံခြုံသည့် ဝင်းခြံမရှိသော အခါ သောက်ရေကန် ထဲသို့ ကျွဲနွားဆင်းသည်ကို လူငယ်တချို့ ရေခိုးကူးသည်ကို စောင့်ကြပ်ထိန်းသိမ်းရသော တာဝန်ပိုလာ၏။

"စာရေးဆရာ လေညင်းလာခံတာလား" အပြန်တွင် ရေကန်နှင့်မျက်နှာချင်းဆိုင် ရပ်ကွက်ကောင်စီရုံးထဲမှ လှမ်းနှုတ်ဆက်သံ ကြားရ၏။ ကြည့်လိုက်တော့ ကိုယ့်အသိ ရပ်ကွက်လူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးဘလှအောင် ဖြစ်နေသည်။

ရဲတိုက်မှ ကျင်းပသော ညှော်ခံပွဲကို တက်ရောက်လာသည့် ဗွန်ရှုထတ်သည် သူ့သမီးဖြစ်သူ အိုဒယ်ကို ခေါ်ဆောင်လာသည်။ အိုဒယ်ကို အိုဒက်နှင့်တူအောင် ဖန်ဆင်းလာခြင်းဖြစ်၏။ မင်းသား ဖရစ်က အိုဒယ်ကို အိုဒက်ဟု ထင်သွားသည်။ ရဲတိုက်အပြင် ပြတင်းဝမှ ဤ အခြင်းအရာများကို တွေ့နေရသော အိုဒက်က အဖြစ်မှန်ကို အကြောင်းကြား အသိပေးလိုသော်လည်း အခွင့်မသာဘဲ ရှိနေသည်။ သို့သော် မင်းသားဖရစ်က အိုဒယ်၏လက်ကိုဆွဲ၍ သစ္စာစကား ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် ထူးခြားစွာ ဗွန်ရှုဘတ်နှင့် အိုဒယ်သည် သူတို့၏ မူလရုပ်သွင်များအတိုင်းပြန်လည် ပြောင်းလဲသွား၏။

လေပြင်းတိုက်ခတ်နေသည်။ လေထဲတွင် ပန်းပွင့်ရောင်စုံများ ကြွေစင်နေ၏။ ကောင်းကင်မည်း မည်းတွင် တဒင်္ဂမျှ ရွှေရောင်စင်းအက် လူးလွန့်သွား၏။ လျှပ်စီး ဝင်းပြက်ချိန်တွင် လေထန်တောထဲမှ မင်းသား ဖရစ်၏ ရုပ်ပုံလွှာ ရေးရေးပေါ်လာသည်။ မင်းသား ဖရစ်သည် ရဲတိုက်ကို စွန့်ခွာ၍ အိုဒက်နှင့် စတင်ဆုံဆည်းခဲ့ရာ ရေကန်ဆီသို့ ထွက်လာခဲ့၏။ ချောက်ကမ်းမျှပင် ခွဲခြား မမြင်သာအောင် အမှောင်ဖုံးနေသော တောအလုံးတွင် သူ့နှလုံးသားက လမ်းထွင်ပေးသည်။ ဗွန်ရှုဘတ်သည် မင်းသား ဖရစ်နှင့် အိုဒက်ကို မတွေ့ရအောင် မုန်တိုင်းတစ်ခုကို ဖန်ဆင်းခဲ့၏။

ကိုယ့် အိပ်မက်ထဲတွင် ထိုလူသည် ဗွန်ရှုဘတ် တစ်လှည့်၊ ဦးဘလှအောင် တစ်လှည့်ဖြစ်နေ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com


နောက်ဆုံးတွင် မင်းသားဖရစ်သည် ကြေကွဲ ညှိုးငယ်နေသော အိုဒက်ကို တွေ့ခဲ့ရသည်။ အိုဒက်က ဖရစ်သည် တစ်ကြိမ်ဆိုခဲ့ပြီး သောစကားကို ဖောက်ဖျက် မိသဖြင့် သူမအနေနှင့် လူ့အဖြစ်ကို ဤဘဝတွင် ပြန်ရနိုင်ဖို့ မဖြစ်နိုင်တော့ကြောင်း၊ ဤဘဝမှ လွတ် မြောက်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သူ့ကိုယ်သူ သတ်သေ ရန်သာ ရှိတော့ကြောင်းပြောပြ၏။ မင်းသားဖရစ်က သူပါ အိုဒက် နှင့်အတူ တွဲကာသေမည်ဟုဆိုသည်။

ထိုစဉ် ဗွန်ရှဘတ် ရောက်လာ၏။ သူက မင်းသား ဖရစ် ဤကဲ့သို့ မပြုရန်၊ အတန်တန်ပင် တားမြစ်တောင်းပန်သည်။ သို့သော် ချစ်သူနှစ်ဦး၏ မေတ္တာနှင့် အဓိဋ္ဌာန်ကို ဗွန်ရှဘတ်တန့်ဆီး ဖျက်ချေမရတော့။

မင်းသား ဖရစ်နှင့်အိုဒက် လက်ချင်းတွဲကာမြမှောင် သော ကန်ရေထဲသို့ ခုန်ဆင်းလိုက်သည်။ ထိုသို့ ခုန်ဆင်းလိုက် သည်နှင့် ဗွန်ရှဘတ်၏ ကျိန်စာများ ပြယ်လွင့်သွားကာ ဗွန်ရှဘတ် လဲကျသေဆုံးသွားလေသည်။ ကျိန်စာသင့်ခြင်းမှ သူတို့အားလုံး လွတ်မြောက်ကြပြီ။ ချိုက်ကော့စကီ၏ ဆင်ဖိုနီတေးသွားသည် နှလုံးသားများ ဖိတ်လျှံလုထိ မြည်ဟိန်းကျယ်လောင်လာ၏။ ငန်းတို့၏ တောင်ပံခတ်သံ။

တောင်ပံ ခတ်သံ တဖျပ်ဖျပ်ကြောင့် ကိုယ်လန့်နိုး လာသောအခါ ကိုယ့်ဘေးပတ်လည်တွင် ထူပိန်းသော အမှောင် ထုသာ လေးလံစွာ ကာဆီး ဖိပိုးထားသည်ကိုတွေ့ရ၏။ ရေငတ် မွတ်စွာ ကိုယ့်လည်ချောင်းတွေ ခြောက်သွေ့ အက်ကွဲနေသည်။


www.burmeseclassic.com

www.burmeseclassic.com


အိုဒက် ဘယ်ရောက်သွားပြီလဲ။ ကိုယ့်ရဲ့ ကွဲကွာသွားတဲ့ ငယ်ရည်းစားနဲ့တူတဲ့ အိုဒက် ဘယ်ရောက်နေသလဲ။ ကိုယ့်အိပ်ရာ ကြမ်းခင်းအောက်တည့်တည့်တွင် ရှိသော ခြံထဲမှ ကိုယ်မွေးထားသော ငန်းနှစ်ကောင်၏ တောင်ပံတဖျပ်ဖျပ်ခတ်သံ ကို ကြားရ၏။ ညနေက သောက်ရေကန်ထဲဆင်းမှုဖြင့်ကောင်စီရုံးမှ ဖမ်းထားသော ဤငန်းနှစ်ကောင်ကို ကိုယ်တစ်ကောင် တစ်ဆယ်စီနှင့် သွားကာ ရွေးနှုတ်ခဲ့ရ၏။


နောက်နေ့ ဇာတ်ဆရာနှင့် တွေ့သောအခါ သူအပ်ထားသော ဇာတ်ကို မရေးဖြစ်တော့ကြောင်း ကိုယ် ပြောမိလိုက်လေသည်။

**သစ္စာနီ**

**ဂီတပဒေသာမဂ္ဂဇင်း။ ဩဂုတ်–၁၉၈၅**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# လောကားနဲ့လူ

စက္ကူပြန်းရောင်စုံများ မှန်ဗီရိုထဲတွင် ပွင့်ဝေနေကြသည်။ သတ္တုဖလား၏ ကိုယ်ထည်ပေါ်မှ တောက်ပြောင်သောမဟော်သဓာဇာတ်၊ အရည်ဖြစ်သွားသော စပျစ်သီးများ (ပုလင်းထဲတွင်)၊ ပြည်တွင်းဖြစ် အထည်ကြမ်းများနှင့် ကောင်တာနောက်မှ ကော်ပတ်ရုပ် တချို့၊ ခပ်ဖျော့ဖျော့ မီးချောင်းအလင်းရောင်တို့ဖြင့် ကုန် တိုက်ခန်းမသည် ခါတိုင်းလိုပင် အေးစက်မှိုင်းညိုနေသည်။

ခန်းမတစ်ဖက်စွန်းတွင်ရှိသော စာအုပ်များ ရောင်းသည့်ကောင်တာသို့ ဦးတည် လျှောက်သွားလိုက်၏။ ထိုအရောင်းဌာနမှာ လူသိနည်းသလို၊ ဝယ်သူလည်း နည်းရာ အထူးသဖြင့် သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော စာအုပ်ကောင်းတချို့ကို အမှတ်မထင် ဝယ်ယူရတတ်သည်။ ထို့ကြောင့် လမ်းကြုံလျှင် ကျွန်တော်သည် ဤကုန်တိုက် ထိုအထပ်သို့တက်ကာ လိုချင်သော စာအုပ် ရှိလိုရှိငြား ရှာကြည့်တတ်သည်။ ယခုလည်း တောင်မြို့ဆရာတော်၏ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ကို တွေ့ရသဖြင့် ဝယ်လိုက်မိသည်။ဤစာအုပ်မှာယခင်က ကျွန်တော်တွင်ရှိပြီး ဖြစ်သော်


www.burmeseclassic.com

www.burmeseclassic.com



လည်းကိုယ်ကျင့်မကောင်းသောမိတ်ဆွေတစ်ယောက်က ငှားရမ်းသွားကာ ပြန်မပေးဘဲ ထားခဲ့၏။ စာအုပ်ကိုကိုင်ကာ ပြန်လှည့်ထွက်အလာ...

"ဟေ့ကောင်... ဘုန်းဝေ... "

ဟူသော ရင်းရင်းနှီးနှီး နှုတ်ဆက်သံကို ကြားလိုက်ရသည်။ ကြည့်လိုက်တော့ အထက်တန်း ကျောင်းတွင် အတူနေခဲ့ဖူးသော ကျောင်းနေဖက် သူငယ်ချင်းဟု ဆိုနိုင်သည့် အောင်မြင့်ဖြစ်နေလေသည်။ ယခုတော့ သူ့နာမည်ကို ထွန်းအောင်မြင့်ဆိုလား အောင်ထွန်း မြင့်ဆိုလား ပြောင်းထားသည်ဟု တစ်ကြိမ်ဆုံစဉ်က ပြောဖူးသည်။ ကျောင်းနေစဉ်ကတော့ ဒီကောင်ကို ကျွန်တော်တို့ အောင်မြင့်ဟုပင် မခေါ်။ သူ့အမေ မုဆိုးမ,ရောင်းသော ဘိန်းမုန့်ကို အစွဲပြုကာ နာမည်ပြောင်ဖြင့် ဘိန်းမုန့် ဟုသာ ခေါ်ခဲ့ကြသည်။ သူနှင့် ကျွန်တော်သည် ငါးတန်းမှစ၍ ဆယ်တန်းရောက်သည့်တိုင် အထက်တန်းကျောင်း တစ်ကျောင်းတည်းတွင် အတူတကွ စာသင်ခဲ့ကြရသည်။

ယခင်က မည်းမည်း ပိန်ခြောက်ခြောက် အောင်မြင့်သည် နတ်ရေကန်ထဲ ကန်ချခံလိုက်ရသလို ထူးခြားပြောင်းလဲစွာ စိုပြည် ဝဖြိုးနေ၏။

"မင်း... ဘယ်လာတာလဲ... "

သူ့မေးခွန်းကို ကျွန်တော်က လက်ထဲက စာအုပ်ကို ထောင်ပြခြင်းဖြင့် အဖြေပေးလိုက်၏။ သူက စာအုပ် အမည်ကို ဖတ်ကြည့်၍ မထီတရီပြုံးကာ...

"အေး... မင်းလည်း စာရေးနေတယ်လို့ကြားတယ် ဘယ်နာမည်နဲ့လဲ... ငါလည်း အလုပ်များလွန်းလို့ စာဖတ်ချိန်



www.burmeseclassic.com

www.burmeseclassic.com


တောင် မရပါဘူးကွာ... ဘာလုပ်လုပ် ကျော်ကြားအောင် လုပ်ပေါ့... ဒါမှ ငွေကောင်းကောင်းရမှာ... ”

စေတနာဖြင့် အကြံပေးသလိုလို၊ အထက်စီးနှင့် ဩဝါဒပေးသလိုလို ကျွန်တော် နားကလောလေ့ ရှိသော မီးကျိုးမောင်းပျက် ဒဿနတို့ကို စိတ်ပျက်ဖွယ် ကြားရပြန်သည်။ သူက စာမူခ တစ်အုပ်လျှင် သိန်းကျော် ရသည်ဆိုသော စာရေးဆရာ တချို့၏ အမည်တွေကို ရွတ်ပြနေ၏။

“စာရေးဆရာတစ်ယောက်ရဲ့ အောင်မြင်မှုဆိုတာ သူရတဲ့ ငွေကြေးလည်း မဟုတ်ဘူး... လူသိများ တယ်ဆိုတဲ့ ကျော်ကြားမှုလည်းမဟုတ်ဘူး... သူ့ စာအုပ်စောင်ရေ ဘယ် လောက်ရိုက်ရတယ် ဆိုတာလည်း မဟုတ်ဘူး... စာပေ လောကအပေါ်မှာ သူ့စာပေဩဇာ ဘယ်လောက်ရှိသလဲ ဆိုတာပဲကွ...”

ကျွန်တော့်စကားကို သူနားမလည်ကြောင်း ပြော သည်။

“မင်းသာမဟုတ်ဘူး... လူတော်တော်များများလည်း နားမလည်ပါဘူး... ခုခေတ် လူကြီးလူငယ် အားလုံးလောက် ဟာ ကျော်ကြားမှုနဲ့ ငွေကြေးနောက်ကိုပဲ အလုအယက် လိုက်နေကြတာကိုး... ”

“လောကမှာ ဒီနှစ်ခုဟာ အရေးကြီးဆုံး မဟုတ်လားကွ...”

“မဟုတ်ဘူး... ကျော်ကြားမှုနဲ့ ငွေကြေးဆိုတာ ခိုင်မြဲတဲ့ အရာတွေ မဟုတ်ဘူး... တချို့က အောင်မြင်မှု သရဖူ ဆောင်းပြီး ငွေပုံကြီးပေါ်ထိုင်နေတုန်း သေဆုံးသွားကြ တယ်... တချို့ကျတော့ အဲဒီသရဖူနဲ့ငွေပုံကြီးကို မသေခင်

www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်လိုက်ကြရတယ်... ငါစဉ်းစားလို့ မရတာက ဒီလို မမြဲတဲ့အရာတွေ အတွက် လူတွေဟာ ဘာလို့ဆင်းရဲခံ နေကြသလဲ... ဘာလို့ မက်မက်မောမော ဆန္ဒဇောတွေ ပြင်းပြနေကြသလဲ... ”

“ဒါဖြင့် လောကမှာ ဘာအရေးကြီးဆုံးလဲ... ”

“အေး... မင်းမသိသေးဘူးဆိုတာ ဖြစ်နိုင်တယ်... လောက မှာ အရေးကြီးဆုံးဟာ ပညာနဲ့သိက္ခာပဲကွ သူက ပျက်စီး နိုင်တဲ့အရာ မဟုတ်ဘူး... တန်ဖိုးလည်း မဖြတ်နိုင်ဘူး... ဝိဇ္ဇာနဲ့စရဏလို့ ပြောရင် မင်းနားလည်မှာ မဟုတ်ဘူး၊ ဉာဏ်ပညာနဲ့အကျင့် သီလဆိုတာက သံသရာ ကိုပါတဲ့ ပါရမီတွေဆိုတော့ ရင့်သန်သထက် ရင့်သန်တဲ့သဘောပဲ ရှိတယ်...”

သူ့မျက်နှာက ကောင်းစွာ သဘောမပေါက်နိုင် ကြောင်း ဖော်ပြနေသည်။ ခဏကြုံခိုက် စိတ်သဘောချင်း မတိုက် ဆိုင်ဖွယ် စကားများကို မပြောချင်ဘဲ ပြောမိပြန်သည်။ လူဆိုတာ ကိုယ့်အယူအဆနဲ့ကိုယ် ကိုယ်သွားသော လမ်းကိုသာ အမှန်ဟု ထင်တတ်လွန်းသော သတ္တဝါသာဖြစ်၏။

အောင်မြင့် ဆယ်တန်းအောင်သောအခါ ကျောင်း ဆက်တက်နိုင်သော အင်အားမရှိ။ ထို့ကြောင့် သူ့ကို ကျောင်းဆက် ထားပေးမည်ဆိုသော ရပ်ကွက်ထဲက ဖိနပ်ထောင်ဆရာသမီးကို သူ လက်ထပ်ယူလိုက်သည်။

ဖိနပ်ထောင်ဆရာသမီးမှာ ခပ်ဝဝ၊ အရုပ်ဆိုးဆိုး၊ မျက်ခုံးမွှေးသေးသေး၊ ရှေ့ကြိုးကြီးကြီးနှင့် သူ့ထက် အသက်လည်း အနည်းငယ်ကြီးသော မိန်းမဖြစ်၏။ အောင်မြင့် ကိစ္စ၌ အောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



သည် အသည်းနှလုံးနှင့် ဘွဲ့တစ်ခုကို လဲလှယ်ယူခဲ့၏ဟု စကားလှလှ ဆိုရန်ပင် ခက်၏။ အဘယ်ကြောင့်ဆိုသော် အောင်မြင့်၏ရင်ထဲတွင် အသည်းနှလုံး ရှိမရှိ မသေချာသောကြောင့်ဖြစ်၏။ သေချာတာတစ်ခုကတော့ အောင်မြင့်သည် မိုးထိအောင် လေကြောင်းထောင်ချင်သူဆိုသော အချက်ဖြစ်၏။

သူသည် အဆက်သွယ် ကောင်းရကာ အစိုးရဌာနတစ်ခု၏ အရာရှိပေါက်စဘဝမှ နုတ်ထွက်ပြီး ကုန်သည်လုပ်နေသလို ကန်ထရိုက်လုပ်နေသလို ကြားရ သည်။ တိုက်နှင့်ကားနှင့် ဖြစ်နေသည်ဟုလည်း သိရ၏။ သူ့ ပထမအိမ်ထောင်နှင့်လည်း ကွဲကာ ညွှန်ကြားရေးမှူးတစ်ဦး၏သမီးနှင့် ယူပြန်သည်။ အင်းလျားလိပ်တွင် ကျင်းပသော သူ့မင်္ဂလာဆောင်ဖိတ်စာ ကျွန်တော်ထံ ရောက်လာသော်လည်း ကျွန်တော် မသွားဖြစ်။ လက်ဖွဲ့ပင် မပို့ဖြစ်ဘူး ထင်ပါသည်။

"မင်းရော... ဘယ်လာတာလဲ... "

ကျွန်တော်က မေးလိုက်သည်။

"ဒီအပေါ်ထပ်ကို လာတာလေ...ငါ့ဆရာ တစ်ယောက် အိမ်သစ်ဆောက်တယ်... အဲဒီမှာခင်းဖို့ ကော်ဇောလက်ဆောင် ပေးချင်လို့ လာဝယ်တာ... "

ဒီတစ်ခါတော့ ကျွန်တော် ပြုံးမိသည်။ သူက လိပ်စာတစ်ခုကို ရေရွတ်ရင်း "ငါ ကုမ္ပဏီတစ်ခု ဖွင့်ထားတယ်... ရွှေလေကားတဲ့... အင်ပို့အိတ်စ်ပို့ပေါ့... ကြုံရင် ဝင်လည်ကွာ..."

သူ့ ကုမ္ပဏီနာမည်ကို ကြားရသောအခါ သူ့ ကွယ်ရာတွင် သူငယ်ချင်းတစ်ဦးက သူ့ကို ဝေဖန်ဖူးသော စကားကို ပြန်အမှတ်ရလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီ အောင်မြင့်ဆိုတဲ့ကောင်က လူတစ်ယောက်ကိုကြည့်ရင် ဒီလူ့ကျောကုန်းမှာ လှေကားဘယ်နှစ်ထစ် ပါတယ်ဆိုတာ အရင်ကြည့်တဲ့ကောင်ကွ..." တဲ့။

ကျွန်တော်တို့နှစ်ယောက် နှုတ်ဆက်ကာ ခွဲခွာလိုက်ကြသည်။ အလိုအလျောက် ရွေ့လျားသော စက်လှေကားပေါ်တွင် ရပ်ကာ အပေါ်သို့ တက်သွားသော သူ့ကို ကြည့်လိုက်ပြီး အောက်သို့ဆင်းရန် ရိုးရိုးလှေကားဆီသို့ ကျွန်တော့်ခြေထောက်များကို ဦးတည်ရွေ့လျားလိုက်လေသည်။

သစ္စာနီ ။

သရဖူ၊ ဇူလိုင်လ–၁၉၉၄။

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မဖြစ်စလောက်လောကခံ

သူ ဆယ်သုံးနှစ်သား အရွယ်တွင် မိခင်ထံမှ နားကပ်ကို ဖဲရိုက်ရန် ငွေလိုသဖြင့် အတင်းအဓမ္မ ချွတ်ခိုင်းနေသော ပထွေးအား နောက်မှနေ၍ ထင်းချောင်းဖြင့် ရိုက်ကာ လှည့်မကြည့်ဘဲ အိမ်မှ တစ်ခါတည်း ထွက်ပြေးလာခဲ့သည်။ နောက်ခြောက်လ လောက်ကြာသောအခါ အသေးအဖွဲ ခိုးမှုကလေးများ ကျူးလွန်တတ်ကာ ကမ်းနားလမ်း တံတားပေါ်တွင် အိပ်လေ့ရှိသော သူ့ကို သက်ဆိုင်ရာကဖမ်း၍ လူငယ်သင်တန်းကျောင်း တစ်ခုသို့ပို့လိုက်၏။

ထိုကျောင်းတွင် ခိုးတတ်သော သူ့ဓလေ့ပျောက်ခဲ့ရလေသည်။ တစ်ကြိမ်တွင် ရေချိုးခန်းတွင်းမှ သူခိုးလာခဲ့သော ဆရာတစ်ဦး၏လက်ပတ်နာရီကို သူတို့ အခန်းထဲတွင် ရှာဖွေတွေ့သွား၏။ ဝန်ခံရန် တုံ့ဆိုင်း တွေဝေနေသော သူ့ကိုယ်စား သူ့အခန်းဖော်က ဤနာရီ ကို သူခိုးခဲ့ပါသည်ဟု ဝန်ခံခဲ့၏။ သူ့အခန်းဖော်မှာ အချိန်အားရလျှင် စာအုပ်နှင့်မျက်နှာ မခွာတတ်သော မျက်မှန်

www.burmeseclassic.com

www.burmeseclassic.com



ပိန်ညက်ညက် လူငယ်တစ်ဦးဖြစ်၏။သူ့အိပ်ရာပေါ်တွင် ဂျက်လန်ဒန်၊ ဂေါ်ကီ၊ ဂျွန်စတိန်းဘက် ဆိုသူတို့၏ ဝတ္ထုစာအုပ်များကို အမြဲလိုလို တွေ့ရတတ်လေ့ရှိ၏။ ယခင်က ကောင်းမွန်စွာ နေထိုင်ခဲ့သည်ကိုထောက်၍ ကျောင်းမှ မျက်မှန်ထူထူအား သက်ညှာစွာ အပြစ်ပေးခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ သူ့အခန်းဖော်သည် သေသည်အထိ စကားစပ်၍ပင် ပြောဆိုခြင်း မရှိခဲ့ချေ။ ဝန်ခံရလျှင် သူ့ဘဝတစ်လျှောက်လုံးတွင် သူသည် ထိုသူတစ်ယောက်ကိုသာ ရှက်ရွံ့ခဲ့မိ၏။

ထိုကျောင်းတွင် ဘဝဆိုသည်မှာ စည်းချက်ကျကျ ရွေ့လျားနေသော ဇယားကွက်များသာ ဖြစ်၏။ စည်းချက်ကျကျ ဆိုသည်မှာ နလုံးခုန်သံ မဟုတ်ဘဲ ဝီစီမှုတ်သံဖြစ်၏။ အိမ်တွင် ကျန်ခဲ့သော သူ၏ မအေတူ ဖအေကွဲ ညီမလေးနှစ်ယောက်ကို တစ်ခါတစ်ရံ သတိရ မိသောအခါများတွင်သာ သူသည် လူသား တစ်ယောက်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကို သတိရသွားတတ်သည်က လွဲ၍ သူသည် ရော်ဘာဖြင့် ပြုလုပ်ထားသော မြွေရုပ်တစ်ကောင်လို နေထိုင်ခဲ့၏။ ကျောင်းတွင် သူသည် လက်မှုပညာကိုသော် လည်းကောင်း၊ ကျောင်းစာကိုသော်လည်းကောင်း စိတ်မဝင်စား။ ဆရာတွေက "မင်း ဘာဖြစ်ချင်သလဲ... " ဟု မေးကြသည်။ "ကျွန်တော် ဘာမှမဖြစ်ချင် ဘူး... " ဟု သူဖြေခဲ့သည်။ သူသည် ဘာဖြစ်ရမည်နည်း။ သူနားမလည်။ ထိုကိစ္စကို သူတစ်ခါမှ တွေးမကြည့်ဖူးခဲ့။ သူ့ဘဝတွင် ရွေးချယ်ခွင့် အမှန်တကယ်ရှိသည်ဟု ဤမေးခွန်းထုတ်သူ ဆရာတွေကိုယ်တိုင်ကရော ယုံကြည်ပါ၏လော။ သူတို့ကိုယ်တိုင်ပင် ဇယားကွက်များ ဖြစ်နေကြသည်ဟု

www.burmeseclassic.com

www.burmeseclassic.com


သူထင်မြင်၏။ ထို ဇယားကွက်ထဲမှ လွတ်မြောက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ဆယ်တန်း အောင်မြင်ခြင်းသာ ဖြစ်သည်ဟု သူယုံကြည်ကာ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်အောင် ဖြေဆိုခဲ့သည်။ သူ ဆယ်တန်းအောင်မြင်သောအခါ ကျောင်းမှ ဆက်သွယ်ကူညီပေးမှုဖြင့်ပင် ရုံးတစ်ရုံးတွင် အောက်တန်းစာရေး အလုပ်ရခဲ့၏။

သူကျောင်းမှ ထွက်လာသောအခါတွင် မျက်မှန်ထူထူနှင့် သူ့အခန်းဖော်မှာ အဆုတ်အအေးပတ်သော ရောဂါဖြင့် ကျောင်းတွင် သေဆုံးကာ ကျန်ရစ်ခဲ့လေသည်။ အခန်းဖော်၏ ပစ္စည်းများထဲမှ အမှတ်တရ အဖြစ် သူ့ကို တစ်ခုခု ယူခွင့်ပြုသော အခါ သူသည် ဂျက်လန်ဒန်၏ "ချောက်ကမ်းပါးထဲမှလူသားများ" ဆိုသော စာအုပ်ကို ယူလာခဲ့၏။ (ထိုစာအုပ်ကို ယခုထက်တိုင် သူ မဖတ်ဖြစ်ခဲ့ပါ။) ယခုအခါ သူသည် အသက်ငါးဆယ်နားနီးကာ သူစတင် အလုပ်လုပ်ခဲ့သော ရုံးတွင်ပင် ဌာနခွဲ စာရေးကြီးတစ်ဦး ဖြစ်နေလေသည်။

သူ အိမ်ထောင်ကျခဲ့သေးသည်။ တစ်ရပ်တည်းတွင် နေထိုင်သော ပေါင်တန်ရှည်ရှည် တစ်ခုလပ်မ တစ်ယောက်နှင့် ဖြစ်၏။ သူနှင့် သုံးနှစ်ခန့်သာပေါင်းကာ ထိုမိန်းမသည် လင်ငယ်နောက် လိုက်ပြေးလေသည်။ ငါးနှစ်အရွယ် မယားပါသမီးကလေးသာ သူ့ထံတွင် သောင်တင်ကျန်ရစ်ခဲ့၏။ ထိုကလေးကို သူ ဖခင်ရင်း နေထိုင်ရာမြို့သို့ သွားပို့၏။ သို့သော် နောက်အိမ်ထောင်နှင့်ဖြစ်ကာ ဆင်းရဲနွမ်းပါးနေသော ဖခင်ရင်းက လက်မခံနိုင်။ ထိုမြို့ကလေး၏ အပြန်တွင် သူ့ဇာတိမြို့ကလေးကို ခရီးကြုံ ဝင်သွားခဲ့သည်။ ဒီတော့မှ


www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ သေဆုံးခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီဟု သူသိခဲ့ရသည်။ သူ့ကိုတွေ့တော့ သူညီမလေးတွေက မျက်ရည်ကျ၏။ သူ့ညီမလေးများမှာ သူနှင့် ခွဲခွာခဲ့စဉ်ကလို ဂါဝန် ကလေးတွေနှင့် မဟုတ်ကြတော့။ ကလေးတွဲလောင်းနှင့် အိမ်ထောင်သည်များ ဖြစ်နေကြလေပြီ။ သူ့ပထွေးမှာ ဖဲသာမက အရက်ပါ စွဲနေသူ ဖြစ်နေ၏။

ခွဲကာနီးတွင် သူ့အား "ဘုရားတရားကို မမေ့နဲ့" ဟုမှာရင်း အရက်ဖိုးတောင်းဖြစ်အောင် တောင်းထားလိုက်သေးသည်။ သူပြုစု ပျိုးထောင်ခဲ့သော သူ့မယားပါသမီးသည် သူနာပြုသင်တန်းအဆင်းတွင် အလုပ်တာဝန်ကျရာ နယ်ရောက်သွားရင်း နယ်တွင်ပင် ကျောင်းဆရာတစ်ယောက်နှင့် အိမ်ထောင်ကျသွားသည်။ ထိုကျောင်းဆရာမှာ သူ့အခန်းဖော်လို မျက်မှန်ထူထူနှင့် ဖြစ်၏။

သူ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် သူကတော့ သူသည် မွေးကတည်းက တစ်သက်လုံး တစ်ကိုယ်တည်း နေလာခဲ့သူဟု ဆိုသည်။ အသိုင်းအဝိုင်းတွင် သူသည် ယခင်ကလိုပင် စကားနည်းမြဲနည်းသူ ဖြစ်၏။ လူတွေနှင့်လည်း သိပ်အပေါင်းအသင်းမဖြစ်။ လူတွေဆိုတာ ယုန်အုပ်တစ်အုပ်ထဲက ယုန်တွေလိုပါပဲ။ အတူတူပဲဟု သူမြင်သည်။ အားလုံးမှာ သူလိုကိုယ်လိုသာ။ သူ အမှတ်မထင် ပြောခဲ့သော ဘာမှမဖြစ်ချင်ဘူး ဆိုသောစကားမှာ သူ၏လိုအင်ဆန္ဒ အစစ်အမှန်ဖြစ်ကြောင်း တစ်နေ့တခြား သူ သဘောပေါက်လာခဲ့သည်။ သူ့အတွက် အရေးကြီးတာ ဘာမှမရှိ။ နောက်ဆုံး အချစ်အမှန်ဆိုတာပင် အရေးမကြီး။ သူသည် သဘာဝအတိုင်းပင် တချို့ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်၍ တချို့ကို မုန်းခဲ့သည်။ သို့သော် သူ့ဘဝတစ်ခုလုံးလိုပင် သူ့အချစ်နှင့် သူ့အမုန်းသည်လည်း ပေါ့ရွှတ်ရွှတ်သာဖြစ်ကြောင်း သိနေခဲ့၏။ သူ့ပထွေးဆုံးကြောင်း ညီမတွေထံမှ သံကြိုးစာရောက်လာသောအခါ လူမရောက်သော်လည်း ငွေကြေးတချို့ တင်ပို့ပေးခဲ့သည်။

အချိန်အားရလာသဖြင့် တရားစာအုပ် တချို့ကို သူဖတ်ဖြစ်သော်လည်း ကောင်းစွာနားမလည်ဘဲရှိသည်။ မကြာခဏ ဥပုသ်စောင့်ဖို့ ကြိုးစားသော်လည်း ညနေပိုင်း ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်သဖြင့် မစောင့်ဖြစ်။

တနင်္ဂနွေနေ့လို ရုံးပိတ်ရက် တစ်ရက်တလေ၌ ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ဘဝဆိုတာ ဘာလဲဟု စဉ်းစားမိ၏။ နောက်ဆုံးတွင် ထိုမေးခွန်းမှာ ဘာမှ မဟုတ်ပါဘူးဆိုသော အဖြေနှင့်သာ နိဂုံးချုပ်ရလေ့ရှိသည်။ အခုတော့ သူ့ဘဝသည် အတော်အတန် ပြည့်စုံနေပေပြီ။ မိုးလေ အတန်အသင့် လုံခြုံသောအိမ်လေးတစ်လုံးနှင့် ပုံမှန်လစာ ရှိနေသည်။ တစ်ခါတစ်ရံ ပွင့်တတ်သော ပန်းအိုးသုံးလေးအိုးလည်း ရှိသည်။ နေ့စဉ် သတင်းစာတစ်စောင်လည်းရှိသည်။ ပြောရမည်ဆိုလျှင် မယားပါသမီးက မွေးသော မြေးကလေးတစ်ယောက်ပင် ရှိနေလေသည်။ ပြီးတော့ လူတိုင်းဖြစ်လေ့ဖြစ်ထရှိသော သေလောက်သည့် ရောဂါတစ်ခုလည်း ယခုတော့ သူ့ ခန္ဓာကိုယ်တွင် စွဲကပ်နေလေပြီ။ သွေးတိုးတဲ့။ ဆရာဝန်ထံမှ ထိုစကားကို ကြားရသောအခါ ရုတ်တရက် သူပျော်ရွှင်သွား၏။ ကဲ... ဘာလိုသေးသနည်း။

"ဘဝမှာ တကယ်တမ်း လိုအပ်တာ အချိန်ကာလပဲ...



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်တော့ ဘဝဟာ သူ့ဘာသာ အလိုလို ပြီးပြည့်စုံသွားတာပါပဲ… ”

ယင်းမှာ ယခုအခါ သူ အမြဲသုံးလေ့သုံးထ ရှိသော စကားတစ်ခွန်းပင် ဖြစ်လေသည်။

**သစ္စာနီ**

သရဖူ၊ ဩဂုတ်–၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# ကော်ဖီဆိုင်ပြဇာတ်

(၁)

ဆိုင်ထဲတွင် ကော်ဖီခွက်များ၊ ယင်ကောင်များ၊ လူများ၊ သတင်းစာများ၊ ရေနံချောင်းသီချင်းများ ရှိနေကြသည်။ လူတချို့က သတင်းစာဖတ်၍ သတင်းစာက လူတချို့ကိုဖတ်နေသည်။ လူတချို့က ရေနံချောင်းသီချင်းများကို နားထောင်၍ ရေနံချောင်း သီချင်းများက လူတချို့ကို နားထောင်နေသည်။ လူတချို့သည် ယင်ကောင်များဖြစ်၍ ယင်ကောင်များသည် လူတချို့ဖြစ်သည်။

ရေနံချောင်းသီချင်းတချို့သည် ကော်ဖီသောက်၍ ကော်ဖီတချို့သည် ရေနံချောင်းသီချင်း သောက်နေကြသည်။ ယင်ကောင်တချို့သည် သတင်းစာဖတ်၍ သတင်းစာတချို့သည် ယင်ကောင် ဖတ်နေကြသည်။ ကော်ဖီတချို့သည် သတင်းစာသောက်၍ သတင်းစာတချို့သည် ကော်ဖီသောက်နေကြသည်။ ရေနံချောင်းသီချင်း တချို့သည် သတင်းစာနားထောင်၍ သတင်းစာတချို့သည် ရေနံချောင်းသီချင်း နားထောင်နေကြသည်။ ယင်ကောင်တချို့သည် ကော်ဖီဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီတချို့သည် ယင်ကောင်ဖြစ်ကြသည်။ ရောခ်ခ့်သီချင်း တချို့သည် ယင်ကောင်နားထောင်၍ ယင်ကောင်တချို့သည် ရော့ခ်သီချင်း နားထောင်နေကြသည်။

လူတချို့သည် ကော်ဖီ၊ ယင်ကောင်၊ သတင်းစာ၊ ရော့ခ်သီချင်း သောက်၍ ဖတ်၍ နားထောင်၍ ဖြစ်နေကြသည်။ ကော်ဖီ၊ ယင်ကောင်၊ သတင်းစာ၊ ရော့ခ်သီချင်းတချို့သည် လူ တချို့ သောက်၍ ဖတ်၍ နားထောင်၍ ဖြစ်နေကြသည်။ သောက်၍ ဖတ်၍ နားထောင်၍ ဖြစ်၍သည် လူတချို့ ယင်ကောင်တချို့၊ ရော့ခ်သီချင်း တချို့၊ သတင်းစာတချို့၊ ကော်ဖီတချို့။

(၂)

"ကော်ဖီတစ်ခွက်... "

သားသတ်ရုံသို့ ကြိုးဖြင့် ဆွဲသွားသူနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားသည့် နွားတစ်ကောင် အတွက် မဟုတ်ပါ။ ကျွန်ုပ်အတွက် ဖြစ်ပါသည်။ ရာသီကို လိုက်၍ ပွင့်သော ပလတ်စတစ် ပန်းဆယ်ပွင့်အတွက် မဟုတ်ပါ။ ကျွန်ုပ် အတွက် ဖြစ်ပါသည်။ ပုစွန်ဆိတ်ခေါင်းနှင့် ခပ်ဖျင်းဖျင်း ကဗျာ ဆရာ တစ်ရာအတွက် မဟုတ်ပါ။ ကျွန်ုပ်အတွက်ဖြစ်ပါသည်။

ရက်လွန်နေသော မဖောက်ရသေးသည့် စည်သွပ် ဘူး တစ်ထောင်အတွက် မဟုတ်ပါ။ ကျွန်ုပ် အတွက် ဖြစ်ပါသည်။ ကောင်းကင်တွင် ကော်နှင့်ကပ်ထားသော ကြယ်ပွင့်တစ်သောင်း အတွက် မဟုတ်ပါ။ ကျွန်ုပ် အတွက် ဖြစ်ပါသည်။ ကော်ဖီတစ်ခွက် ပေးပါ။

www.burmeseclassic.com



ကော်ဖီဆိုင်ရှေ့မှ...

အတောင်ပံနှင့် စက်မဲ့နာရီတစ်လုံး၊ အကောင်းဆုံးကို သယ်ဆောင်လာသော ဗန္ဓုလ (ဆပ်ပြာကြော်ငြာကား)၊ သားစပ်သွားသော ဝက်သိုး၊ အရှေ့မြောက် အရပ်မှလေပွေ (ဆိုင်ရှေ့တွင် ခလုတ်တိုက်သွားသည်)၊ အသံတိတ်သီချင်း ဆိုနေသော ခိုအုပ်၊ စကိတ်စီးသွားသော ကုန်စိမ်းသည်နှင့် ရွှေ့လျားနေသော ဟင်းလင်းပြင်တို့ ဖြတ်သန်း၍ သွားကြသည်။ ကျောင်းက ပြန်လာမည့် ကျွန်ုပ်၏ချစ်သူလေး ဖြတ်သန်းမသွားသေးပါ။ ကော်ဖီတစ်ခွက်။ ကျွန်ုပ်၏ချစ်သူအတွက် မဟုတ်ပါ။ ကျွန်ုပ်၏ချစ်သူမှာ လက်ဖက်ရည်ကြိုက်သူ ဖြစ်ပါသည်။

BURMESE CLASSIC .com

(၃)

ကိုယ့်ချစ်သူမှာ ကောင်မလေးတစ်ယောက် ဖြစ်ပါသည်။ သူမတွင် ဂရိကျောက်ဆစ်ရုပ်နှင့်တူသော မေးစေ့ချွန်ချွန်နှင့် နှာခေါင်း ချွန်ချွန်လေးများ ရှိပါသည်။ တစ်ခါတစ်ရံ ကမ္ဘာ့မြေပုံကို ဆွဲ၍၊ တစ်ခါတစ်ရံ ကိုယ့်ကို ဆိတ်ဆွဲတတ်သော မွေးညင်းနုနှင့် လက်ချောင်းဖြူဖြူ သွယ်သွယ်လေးများလည်း ရှိပါသည်။ အချစ်ရည်ပြည့်သော မျက်လုံးများဖြင့် စိတ်ကောက်ဟန်ဆောင်တတ်သော ပန်းရောင်နှုတ်ခမ်းတို့ ရှိသူလည်း ဖြစ်ပါသည်။

သူမသည် ကမ္ဘာပေါ်တွင် ကိုယ် အရှုံးပေးလေ့ရှိသည့် တစ်ဦးတည်းသော လူသားလည်းဖြစ်၏။ ကိုယ်၏တစ်သီးပုဂ္ဂလ အိပ်မက်လည်းဖြစ်၏။ ကိုယ့်၏ မဆောင်းရက်သော သရဖူလည်းဖြစ်၏။ ကိုယ့် သံသရာ၏ အတောင်ပံလည်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

သူ့တွင်အတိတ်မရှိ။ အကြောင်းဖြေစက်မရှိ။ အတ္ထုပ္ပတ္တိမရှိ။ အလံဖြူမရှိ။ လောကဓံတရားမရှိ။ မိတ်ဆွေမရှိ။ ရဲတိုက်မရှိ။ အဆုတ်ရောဂါမရှိ။ အိမ်မွေးတိရိစ္ဆာန် မရှိ။ လက်ထပ်စာချုပ် မရှိ။ ညာဘက်အံသွား မရှိ။ သို့မဟုတ် ဘာမှမရှိ။

သူ့ ပုံသဏ္ဌာန်က မနေ့ညက နစ်မြုပ်သွားသော နောဇသင်္ဘောပေါ်မှ လွတ်မြောက်လာသည့် တစ်ဦးတည်းသော လူသားယောကျ်ားနှင့် တူနေ၏။ သူသည် ဘောင်းဘီအိတ်ထဲတွင် ထည့်ထားသော ကမ္ဘာ့သမိုင်း စာအုပ်ကို မေ့လျော့ကာ ကော်ဖီဆိုင်တွင် ထိုင်လျက်ရှိသည်။ ကမ္ဘာပတ်နေသော ကိုလံဘတ်ကား စာမျက်နှာ ၉၅ သို့ ရောက်နေလေပြီ။

**သစ္စာနီ**

ဟန်သစ်၊ နိုဝင်ဘာ–၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌ□ဋ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


## ဗန္ဒတ်

ကျွန်တော်နှင့်သူ ထိုင်နေသော စားပွဲပေါ်ကို ပိုးဟပ်တစ်ကောင် တွားတက်လာသည်။ သူက လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ကာ ထိုပိုးဟပ်ကို ကောက်၍ ပါးစပ်ထဲ ပစ်ထည့်လိုက်လေသည်။ သူ့အပြုအမူမှာ ပြုရိုး ပြုစဉ်သဖွယ် ပေါ့ပေါ့ပါးပါးရှိလှသော်လည်း မြင်ရသူ ကျွန်တော့်အဖို့မှု အော့အန်ချင်စိတ်ကို မနည်းထိန်းချုပ် ထားလိုက်ရ၏။

"ခင်ဗျားအင်းဆက်တွေကို စားသလား... "

"ကမ္ဘာပေါ်မှာ အင်းဆက်စားနေတဲ့ သူတွေ အများကြီးပဲ... ကျွန်တော်တို့နိုင်ငံမှာ လူကြိုက်များတဲ့ ပုရစ်ဆိုတာလည်း အင်းဆက်ပဲ မဟုတ်လား... "

"ဒါပေမယ့် အစိမ်းမဟုတ်ဘူး၊ ကြော်ထားတာ ပြီးတော့ ပိုးဟပ်ဟာ ပုရစ်မဟုတ်ဘူး... "

သူကတော့ အတူတူပါပဲဗျာဟု ပြောကာ ပြုံး၍နေလေသည်။

သူတွင် အများနှင့်မတူသော ထူးခြားချက်များ ရှိကြောင်း မြင်စကပင် သတိပြုခဲ့မိ၏။ သူ့ကိုယ်ပေါ်တွင် အနက်ရောင် ကုတ်အင်္ကျီပွပွ ရှည်ရှည်ကြီးတစ်ထည်ကို အမြဲလိုလို ဝတ်ဆင်လျက် တွေ့ရသည်က ပထမဦးဆုံး ထူးခြားချက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးအစပ်ထိအောင် အုပ်ဆောင်းထားလေ့ရှိသော ဦးထုပ်အနက်အောက်မှ သူ့မျက်လုံးများမှာလည်း ထူးထူးခြားခြား စူးရှတောက်ပြောင်နေတတ်သည်။ ဖြုန်းခနဲကြည့်လျှင် အနောက်တိုင်း ဇာတ်ကြမ်းကားများထဲတွင် တွေ့ရလေ့ရှိသော ကြေးစား သေနတ်သမားတစ်ယောက်၏ ပုံပန်းသဏ္ဌာန်နှင့် အတော်ပင် တူညီသည်ဟု ဆိုနိုင်သည်။ သို့သော် သူကား မအောင်မြင်သော ပန်းချီဆရာတစ်ဦးသာ ဖြစ်လေသည်။

ကျွန်တော်သည် ပန်းချီပြခန်းများနှင့် ထိစပ်မှုရှိလှသူမဟုတ်။ သူ့အခန်းကို ပထမဦးဆုံးအကြိမ် အလည်အပတ်ရောက်ရှိသွားသောအခါကျမှသာ သူရေး ဆွဲထားသည့် ပန်းချီကားများကို စတင် တွေ့ဖူးခဲ့သည်။ ပန်းချီပညာကို နားလည်တတ် ကျွမ်းသူမဟုတ်သဖြင့် သူ့လက်ရာများကို အကဲဖြတ်ဝေဖန်ရန် မစွမ်းသော်လည်း ထူးခြားမှု တစ်ခုကိုကား သတိထားခဲ့မိသည်။ ထိုအချက်မှာ သူ့ပန်းချီကားများ အားလုံးလိုလိုပင် ကောင်းကင်အမြင့်မှ ကြည့်ရေးထားသော အပေါ်စီးမြင်ကွင်းမျိုး ဖြစ်နေသည် ဆိုသောအချက်ဖြစ်သည်။ **Bird's eye view** ဟု ခေါ်ကြသည့် ငှက်တစ်ကောင်၏ ရှုထောင့်ဖြစ်သည်။

သူ့ပန်းချီကားတွေထက် ပို၍ ကျွန်တော် စိတ်ဝင်စားမိသောအရာမှာ သူ့ခုတင်ကိုသာ ဖြစ်သည်။ ထိုခုတင်ခေါင်းရင်းတွင် သူ့မွေးရာလိပ် ခေါက်ထားသည်ကို တွေ့ရလေသည်။ ထိုမွေ့ရာကို ဘယ်တုန်းကမှ မဖြန့်ခင်းဖူးခဲ့သည့်အလား၊ ထိုနေရာတွင် သူဘယ်တုန်းကမှ မအိပ်စက်ဖူးသည့်အလား ခုတင်မှာ ဖုန်အလိမ်းလိမ်းတင်ကျံကာ တချို့နေရာများတွင် ပင့်ကူမျှင်များပင် ထူထဲစွာ စွဲငြိနေကြသည်။ ခုတင်ကိုကြည့်၍ သူ့ကို ကျွန်တော် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား မနေ့ညက ဘယ်မှာအိပ်ခဲ့သလဲ... "

"သစ်ပင်ပေါ်မှာ... "

သူက ကျွန်တော့်ကိုလှည့်မကြည့်ဘဲ ပန်းချီကားများကို ပြန်လည်သိမ်းဆည်းနေရာမှ အမှတ်မထင် ပြောလိုက်သည်။

"သစ်ပင်ပေါ်မှာ... ဟုတ်လား... "

သူက ကျွန်တော့်စကားကို စိုးစဉ်းမျှ ဂရုစိုက်ဟန်မပြဘဲ ကျွန်တော့်ဘေးတွင် လာထိုင်ရင်း...

'တစ်ဆိတ်လောက် ခင်ဗျားရဲ့ စီးကရက်မီးခိုးငွေ့တွေကို ကျုပ်ဘက်ကို မှုတ်မထုတ်ပါနဲ့ဗျာ...'ဟုပြောသည်။ ဆက်၍...

"လူတွေဟာ ဘာလို့ ဒီလို အရည်မရ အဖတ်မရ ကိစ္စကို စွဲလမ်းနေရသလဲ... "

"အရည်အဖတ် မရပေမယ့် အငွေ့ရလို့ပေါ့... "

သူဆေးလိပ်၊ အရက်သောက်သည်ကို ကျွန်တော်တစ်ခါမှ မမြင်ဖူးပေ။ သူက ကုတ်အင်္ကျီ အိတ်ထဲမှပန်းသီးတစ်လုံးကိုထုတ်ကာ အားရပါးရ ကိုက်ဝါးနေသဖြင့်...

"ခင်ဗျား ပန်းသီးကြိုက်သလိုပေါ့... "

"ကျွန်တော်က အသီးဆို အကုန်ကြိုက်တာပဲ... ကျွန်တော်အကြိုက်ဆုံးက ညောင်သီးဗျ... တကယ်"

"ခင်ဗျား ပြက်လုံးက မရယ်ရဘူးဗျာ... "

သူက ကျွန်တော့်ကို စူးစိုက်ကြည့်လိုက်ကာ...

"အင်းလေ... လူတွေဟာ နားလည်ရ အခက်ဆုံး သတ္တဝါတွေပဲ... "

"အသိဉာဏ်အရှိဆုံး သတ္တဝါတွေလည်း ဖြစ်တယ်လေ..."

ကျွန်တော်က အထွန့်တက်လိုက်သည်။ သူက

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းကို ခါယမ်းလိုက်ကာ...

"အဲဒီ အသိဉာဏ်ဆိုတဲ့ စကားလုံးကို ကျွန်တော် သံသယရှိတယ်... လူ့သမိုင်းတစ်လျှောက်မှာ အလှတရားကို ဖျက်ဆီးမှုတွေ... လောဘရမ္မက်တွေ... ဖိနှိပ်ချုပ်ချယ်မှုတွေ... တစ်ကိုယ်ကောင်းစိတ်တွေ... စစ်ပွဲတွေ တိုးချဲ့တီထွင်ခဲ့ကြတာကို ခေါ်တာလား..."

"ခင်ဗျားဟာ အဆိုးမြင်ဝါဒသမားပဲ... "

"တကယ်တော့ လောကမှာ အဆိုးလဲမရှိဘူး... အကောင်းလည်းမရှိဘူးဗျ... သဘာဝမျှပဲရှိတယ်"

"ကျွန်တော်က သာမန်လူတစ်ဦးပါ... အမေရိကားက ခေတ်သစ်ဒဿနပညာရှင် မက်လူးဟန်ရဲ့ စကားတစ်ခွန်းကိုတော့ ကိုးကားပြောချင်တယ်... သူကပြောဖူးတယ်... ရေကို ဘယ်သူ ရှာဖွေတွေ့ရှိ ခဲ့တယ် ဆိုတာကို သူမသိပါဘူးတဲ့... ဒါပေမယ့် သူ သေသေချာချာ ပြောနိုင်တာ တစ်ခုတော့ ရှိတယ် အဲဒါဟာ ငါးတစ်ကောင်တော့ မဖြစ်နိုင်ဘူးတဲ့..."

သူက သဘောကျစွာ ရယ်လိုက်ကာ...

"ဟုတ်တယ်... ခင်ဗျားရော ကျွန်တော်ပါ ဖန်ဆင်းရှင်တွေ မဟုတ်ကြဘူး... ဒါပေမယ့် အဖန်ဆင်းခံ သတ္တဝါတွေလည်း မဟုတ်ကြဘူးဗျ... "

သူနှင့်ကျွန်တော် ဆက်လက် ငြင်းခုန် မနေတော့ပါ။ သူ့တွင် ထူးခြားသော အများနှင့်မတူသည့် အယူအဆ တချို့ရှိကြောင်းကိုသာ မှတ်သားထားလိုက်ပါသည်။ တစ်ခါကတော့ အတူ တကွ ထိုင်နေရင်း သူယခုလို ပြောဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း... ထောင်ထောင်မတ်မတ်နဲ့ လျှောက်သွားနေလိုက်ကြတာ... လောကမှာ လူတွေဟာ အရုပ်ဆိုးဆုံးသတ္တဝါတွေပဲဗျ... ခင်ဗျား ဘယ်လို ထင်သလဲ... "

"မထင်တတ်ပါဘူး... "

သူကလေးနက်သောလေသံဖြင့် ဆက်ပြောသည်။

"သတ္တဝါတွေထဲမှာတော့ မြင်းဟာ အလှဆုံးပဲ... ခင်ဗျား ပြိုင်မြင်းတစ်ကောင်ကောင် တွေ့ဖူးမှာပေါ့ ဘယ်လောက်အချိုးအစား ကျနပြေပြစ်သလဲ... "

"ခင်ဗျား မြင်းတစ်ကောင် ဖြစ်ချင်တယ်ပေါ့... "

"ဟင့်အင်း... ကျွန်တော်ဖြစ်ချင်တာက ငှက်တစ်ကောင်ပဲ... ငှက်ဟာ အထူးခြားဆုံး သတ္တဝါဗျ... သူတို့မှာ ကမ္ဘာ့ဇိဒ္ဓိတန်ခိုးရှိတယ်... လေထဲကို ပျံနိုင်တာကြည့်ပေါ့... အခြားသတ္တဝါတွေလို ကုန်းပေါ်မှာလည်း နေနိုင်တယ်... ဒင်ကျီးလိုငှက်မျိုးဟာ ရေထဲလည်း ငုပ်နိုင်တယ်... "

နောက်ပိုင်းတွင် သူနှင့်ကျွန်တော် ထိုင်နေကျ လက်ဖက်ရည်ဆိုင်တွင် ဆုံတွေ့ကြတိုင်း သူသည် ထူးထူးခြားခြား သတ္တဝါတွေအကြောင်းကိုသာ ပြောနေတတ်သည်။

"အီဂျစ်က စဖင့်ဆိုတာ တော်တော်ထူးတဲ့ သတ္တဝါဗျ... ယောကျ်ားခေါင်းနဲ့ ခြင်္သေ့ကိုယ်ပေါ့... ကျွန်တော်တို့ဆီက မနုသီဟနဲ့ ဆင်ဆင်တူမယ်... ဂရိကစဖင့်ကတော့ တစ်မျိုးဗျ... ခေါင်းက မိန်းမခေါင်း... ရင်သားလည်းပါတယ်... ပြီးတော့ အတောင်ပံလည်းပါတယ်... တချို့ လူခေါင်း ခွေးကိုယ်နဲ့မြွေအမြီး တပ်ထားတဲ့ စဖင့်တွေလည်း ရှိသေးတယ်... "



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိန္နရာ၊ နဂါး၊ ရေသူမ ပဥ္စရူပဆိုသော သတ္တဝါတွေအကြောင်းလည်း ပြောတတ်သည်။ အိုဒက်စီ ကဗျာရှည်ကြီးမှ လူစွမ်းကောင်း ယူလီစီးခရီးစဉ်၊ တစ်ထောင့်တစ်ည သဘော်သားဆင်းဗတ်၏ ခရီးစဉ်များမှ တွေ့ကြုံရသော သတ္တဝါဆန်းတွေအကြောင်းလည်း ပြောတတ်သည်။ သူ့လက်ထဲတွင် **Handbook of Fantastic Zoology** ဆိုသော စာအုပ်ကိုလည်း တကိုင်ကိုင် တွေ့ရ၏။ ကြာတော့ ကျွန်တော် ငြီးငွေ့လာသည်။

"ဒါတွေဟာ ယုံတမ်းပုံပြင်ထဲက သတ္တဝါတွေပါဗျာ..."

"ဘုရားရှင်က စိတ်ဆန်းကြယ်သလောက် လောကဟာဆန်းကျယ်တယ်လို့ ဟောခဲ့သားပဲဗျာ... ကျွန်တော်ကတော့ ဒါတွေဟာ တကယ်ရှိတဲ့ သတ္တဝါတွေလို့ ယုံကြည်တယ်... တစ်နေ့ကျရင် ခင်ဗျားကို လက်တွေ့ပြမယ်... "

"အေးဗျာ... ခင်ဗျား ရေသူမတစ်ကောင်လောက် ဖမ်းမိရင် ကျွန်တော့်ဆီ ခေါ်လာခဲ့စမ်းပါ... "

တစ်ကြိမ်တွင်မူ သူ ကျွန်တော့်ထံသို့ တကယ်ပင် ခေါ်ဆောင်လာခဲ့သည်။ သို့သော် ရေသူမ တစ်ကောင်တော့မဟုတ်။ လှပချောမောသော မိန်းကလေး တစ်ယောက်ဖြစ်သည်။ သူမိတ်ဆက်ပေးသဖြင့် ထိုမိန်းကလေးသည် တက္ကသိုလ်တစ်ခု၏ သတ္တဗေဒဌာနမှ လက်ထောက်ကထိက တစ်ဦးမှန်း သိခဲ့ရသည်။ ထိုမိန်းကလေးသည် **Bird watcher** ခေါ် ငှက်များကို ချောင်းမြောင်း စောင့်ကြည့်ခြင်း၌ ဝါသနာပါသူ တစ်ဦးဖြစ်သည်ဟု ဆိုသည်။ (ထိုသူများသည် မှန်ဘီလူးတစ်လက်၊ ကင်မရာတစ်လုံးဖြင့် ငှက်များကို လိုက်လံရှာဖွေကြည့်ရှုကာ ငှက်တို့၏ သဘာဝကို လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းတင်လေ့ရှိသူများ ဖြစ်ကြသည်။) သူတို့နှစ်ဦး မည်ကဲ့သို့ တွေ့ဆုံခဲ့ကြသည်ကို ကျွန်တော်မသိ။ မိန်းကလေးက သူ့ကို အထင်ကြီး လေးစားစွာ ဆက်ဆံတာတွေ့ရသည်။

မိန်းကလေးက ကျွန်တော့်ကို ပြောပြသည်။

"သူက ငှက်တွေအကြောင်းကို ပရော်ဖက်ဆာတစ်ယောက်နီးပါး ကျွမ်းကျွမ်းကျင်ကျင် ပြောပြနိုင်တယ်… ကျွန်မအဖို့ သူနဲ့တွေ့ရတာ ကျေးငှက်ဗေဒ စွယ်စုံကျမ်းတစ်ဆူ ကောက်ရသလိုပဲ… "

သူက ပြုံးကာ…

"မင်းကို မင်းတစ်ခါမှ မမြင်ဖူးတဲ့ ငှက်တစ်ကောင်ပြမယ်"

"ဘယ်တော့လဲဟင်… "

"တစ်နေ့နေ့ပေါ့… "

နောက်ပိုင်းတွင် ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုဖြင့် ကျွန်တော်နယ်သို့ ထွက်ခွာသွားခဲ့ရသဖြင့် သူတို့နှင့် အချိန်အတော်ကြာအောင်ပင် အဆက်အသွယ် ပြတ်နေခဲ့သည်။ ကျွန်တော် ရန်ကုန်သို့ ပြန်ရောက်ရောက်ချင်း ကြားရသည့်သတင်းမှာ သူ့အဖော် လက်ထောက်ကထိက ဆရာမလေး စိတ်ရောဂါ အထူးကုဆေးရုံသို့ ရောက်ရှိနေသည်ဆိုသော သတင်းဖြစ်သည်။ ကျွန်တော်သည် ဝတ္တရားတစ်ခုလိုပင် သဘောထားကာ ထိုမိန်း ကလေးထံသို့ သွားရောက် တွေ့ဆုံခဲ့သည်။ လှပသောမျက်ဝန်းများ အနည်းငယ် ကြောင်စီစီနိုင်နေသည်ကလွဲ၍ မိန်းကလေးကို ကြည့်ရသည်မှာ ရူးသွပ်နေသော လက္ခဏာ မတွေ့ရချေ။ သူမက တိုးညှင်းသော လေသံဖြင့်…

"အားလုံးက ကျွန်မပြောတာ မယုံကြဘူး… ရှင်ကတော့



www.burmeseclassic.com

www.burmeseclassic.com


နားလည်နိုင်လိမ့်မယ် ထင်ပါတယ်… သူ… သူဟာ လူ တစ်ယောက် မဟုတ်ဘူး… ငှက်တစ်ကောင်ပဲ… အင်းလေ ဘယ်လိုပြောရမလဲ… လူတစ်ပိုင်း ငှက်တစ်ပိုင်း သတ္တဝါ ပါပဲ… ကုတ်အင်္ကျီ အနက်ကြီးကို သူအမြဲဝတ်ထားတယ် ဆိုတာ အလကားမဟုတ်ဘူးရှင်… သူ့ကျောမှာ ပေါက်နေတဲ့ သူ့ရဲ့ တောင်ပံတွေကို ဖုံးကွယ်ထားဖို့… ”

မိန်းကလေးကို ပြောရမည့် နှစ်သိမ့်စကားကို ရုတ်တရက် ကျွန်တော် ရှာမရသဖြင့် နှုတ်ဆက်ကာ ပြန်လာခဲ့ သည်။ ထို့သို့ ပြန်မည်ပြုစဉ်မှ မိန်းကလေး လက်တစ်ဖက်တည်း တွင် ကျစ်ကျစ်ပါအောင် ဆုတ်ထားသော အရာဝတ္ထုတစ်ခုကို ကျွန်တော် သတိပြုလိုက်မိသည်။ ထိုအရာသည်ကား ရွှေရောင် တောက်ပနေသော ငှက်တောင်မွေးလေး တစ်ချောင်းသာ ဖြစ်လေ သည်။

(နောက်ဆက်တွဲ ဖြည့်စွက်ချက်)

ထိုအချိန်ကစ၍ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ် သွားသည့်အလား ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာကို ဘယ်သော အခါမှ ပြန်လည်မတွေ့ရတော့ပါချေ။

သစ္စာနီ

ဟန်သစ်။ စက်တင်ဘာလ–၁၉၉၆။

www.burmeseclassic.com

# သူတိုတိုယ်တိုလူများငါ့တောင်ထိ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# သူလိုကိုယ်လိုလူများ၏တောင်ထိပ်

"ကျွန်တော်က ဘုရားသခင် ဖန်ဆင်းတော်မူတဲ့ သူမဟုတ်ဘူးဗျ... ဘုရားသခင်လက်က လွတ်ကျတော်မူတဲ့သူ..."

သူနှင့် အတန်ငယ် ရင်းနှီးမှုရရှိလာသော တစ်နေ့၊ ကိုသက်ပန် ပြောသောစကားဖြစ်သည်။ သူနှင့် ကိုသက်ပန် ရင်းနှီးခဲ့ရသည်က မမျှော်လင့်ဖွယ် ရုပ်ရှင်ရုံ တစ်ရုံထဲတွင်ဖြစ်သည်။ ရုပ်ရှင်ရုံထဲတွင် ဘေးချင်းယှဉ်ကာ ထိုင်နေကြခိုက် သူ့ကို အိပ်ပျော်နေသည်အထင်နှင့် ကိုသက်ပန်က လှုပ်နှိုးခဲ့၏။

"မျက်လုံးတွေ ပိတ်ထားပေမယ့် ကျွန်တော် အိပ်ပျော်နေတာ မဟုတ်ပါဘူး... ဂီတကို နားထောင်နေတာပါ..."

"ဂီတကို နားထောင်နေတာ... ဟုတ်လား... "

"ဟုတ်တယ်... ဒီကားရဲ့နောက်ခံဂီတမှုးက 'မူရိုက်ဂျာရေး' လေ... ရုပ်ရှင်ကတော့ ခပ်ညံ့ညံ့ပါပဲ... ကျွန်တော် တစ်ခါလည်းကြည့်ပြီးပြီ...ဒီတစ်ခေါက်တော့ ဂီတသံကိုခံစားချင်လို့ ရုပ်ရှင်လာကြည့်တာ... ဒီဂီတမှုးဟာ ဒေါက်တာဇီဗားဂိုးရုပ်ရှင် ကားကို တာဝန်ယူခဲ့တဲ့သူပဲ..."


www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကားပြီးသောအခါ အအေးဆိုင် တစ်ဆိုင် တွင် အတူတူထိုင်ဖြစ်ကြသည်။ ကိုသက်ပန်က...

"ခင်ဗျားဘာဖြစ်လို့ ဂီတသမားတစ်ယောက် မလုပ်တာလဲ..."

"ကျွန်တော့်အဖေက သဘောမတူလို့... "

သူက ရိုးရိုးသားသား ပြောလိုက်သော်လည်း ကိုသက်ပန်က ထူးဆန်းသော စကားတစ်ခွန်းကို ကြားလိုက်ရသလို တအံ့တသြကြည့်ကာ...

"ကျွန်တော်တော့ နားမလည်ဘူး... "

"ကျွန်တော်က အာရေဗျဘာသာစကားနဲ့ ပြောလိုက်မိလို့လား... "

သူက စီးကရက်ဘူးကို ဖွင့်လိုက်၏။ သူ့ဘူးထဲတွင် စီးကရက်ကုန်နေလေသည်။ ကိုသက်ပန်က သူ့စီးကရက်ဘူးကို ထိုးပေးလိုက်သည်။ အတန်ငယ် တုံ့ဆိုင်းနေပြီးမှ စီးကရက်တစ်လိပ်ကို ဆွဲယူကာ မြန်မြန် မီးညှိဖွာရှိုက်လိုက်၏။

"ကျွန်တော့်အဖေက ကျွန်တော့်ကို တစ်နေ့တစ်ဘူးထက် ပိုမသောက်ရဘူးလို့ မှာထားတာဗျ... ကျွန်တော့် အတွက်တော့ မဟာစွန့်စားခန်းပဲ... "

"ရဲတိုက်ထဲက ခိုးထွက်ရတာမျိုး နေမှာပေါ့... ဒီနေ့ အဖို့ ခင်ဗျားအဖေရဲ့ ဥပဒေကို ဘယ်နှစ်ကြိမ်မြောက် ချိုးဖေါက်ခြင်းလဲ... "

"ငါးကြိမ်မြောက်ပေါ့... သူက အိမ်မှာ ဗီဒီယိုပဲကြည့်... ရုပ်ရှင်ကြည့်တာလည်း မကြိုက်ဘူး...ခုလို လမ်းဘေးဆိုင် ထိုင်တာလည်း မကြိုက်ဘူး... နောက်တော့... "

သူစကားပြော တုံ့နှေးသွားသဖြင့် ကိုသက်ပန်က



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်ကာ...

"ကျွန်တော့်လို တွေ့ကရာလူနဲ့ မိတ်ဖွဲ့တာလည်း မကြိုက်ဘူး မဟုတ်လား... "

သူက ဖြေမည်ပြုခိုက် စီးကရက် သီးသွားသဖြင့် အလျင်အမြန် ခေါင်းညိတ်ပြလိုက် ရလေသည်။ နောက်တော့ ကိုသက်ပန်ကို သူ့အကြောင်းတွေ ပြောပြနေမိသည်။

"ကျွန်တော့်နာမည်က ဘုန်းခင်ဇော်... ကျွန်တော့် အဖေက ဦးခင်ဇော်တဲ့... ရွှေပြည်တော် တည်ဆောက်ရေးကုမ္ပဏီရဲ့ ဥက္ကဋ္ဌပေါ့... ရွှေပြည်တော် ဘဏ်လုပ်ငန်းမှာလည်း သူ့ ရှယ်ယာ တစ်ဝက်လောက်ပါတယ်... အဖေက သိပ်တော် သိပ်လေးစားစရာ ကောင်းတဲ့လူ... ကျွန်တော် ကတော့ ဘယ်တော့မှ သူ့ကို မီမှာမဟုတ်ဘူး... ကျွန်တော့်ကို ပတ်ဝန်းကျင်က လူတွေက ဦးခင်ဇော်သားလို့ပဲ သိကြတယ်... ကျွန်တော်က စက်မှုတက္ကသိုလ်ကအဆောက်အဦ အင်ဂျင်နီယာဘွဲ့ ရခဲ့သူပါ... ဒါပေမယ့် ခုချိန်ထိ ထင်းရှူး သေတ္တာ ပုံးလေးတစ်လုံးတောင် မလုပ်ဖူးသေးဘူး... ကျွန်တော် အဆောက်အဦ ကန်ထရိုက်တွေ ဆီသွားပြီး အလုပ်တောင်းရင် သူတို့က ရယ်မောလွှတ်ကြတယ်... ဦးခင်ဇော်သား တော်တော်နောက်တယ်... လူပြက်လုပ်စားဖို့ ကောင်းတယ်တဲ့... အဲ... အလုပ်တော့ ဘယ်သူကမှ မပေးကြဘူး... "

ကိုသက်ပန်နဲ့ ခင်မင်ပြီး မကြာမီ သူသည် ကိုသက်ပန် တက်နေသော စန္ဒရားသင်တန်းသို့ လိုက်၍သွားသည်။ သူက ကိုသက်ပန်ကို အထင်ကြီးနေသော်လည်း ကိုသက်ပန်က...

www.burmeseclassic.com

www.burmeseclassic.com



" ဂီတကို ကျွန်တော် မတတ်မြောက်နိုင်ပါဘူး… ဘာဖြစ်လို့လဲဆိုတော့ ဂီတဟာ သချာ်ဆန်လို့ပဲ… အိုင်စတိုင်း လူတစ်ယောက် ဂီတမှာ ထူးချွန်တာ သက်သေပဲ…ကျွန်တော်ကတော့ သချာ်နဲ့ သချာ်ဆန်တာမှန်သမျှ အားလုံးကို မုန်းတီးတယ်… "

သူ စန္ဒရားတီးသင်တန်း တက်နေခြင်းမှာ သူ့ဦးနှောက်ကြွက်သားများ သန်မာရေးအတွက် လေ့ကျင့်ခန်းယူနေခြင်းသာဖြစ်သည်ဟု ဆိုသည်။ သူသည် ကိုသက်ပန် တစ်ကိုယ်တည်း နေထိုင်သော တိုက်ခန်းသို့လည်း ရောက်၍သွားသည်။ ထိုအခန်းမှာ ခန်းလုံးပြည့်လုမတတ် စာအုပ်ပုံများကြားထဲမှ စားပွဲတစ်လုံးနှင့် ခုတင်တစ်လုံးသာဖြစ်၍ တခြားအဆင်တန်ဆာ မရှိ။ တက္ကသိုလ် ပညာမသင်ခဲ့ဟု ဆိုသော်လည်း ကိုသက်ပန် စာအုပ်များ၏ တစ်ဝက်ကျော်ကျော်မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်တွေဖြစ်နေ၏။ အမျိုးအစားကလည်း ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဘာသာရေး၊ နိုင်ငံရေး၊ ဘောဂဗေဒ၊ အနုပညာရေးရာစသဖြင့် စုံလင်လှသည်။ သူ့မိဘများမှာ မိုးကုတ်တွင် နေထိုင်သူများဖြစ်၍ ချမ်းသာကြွယ်ဝသူများဟုသိရ၏။

"ဘဝတစ်လျှောက်လုံးမှာ ကျွန်တော်ဟာ ကိုယ်လုပ်ချင်တာတွေချည်း လုပ်ခဲ့တယ်… ကိုယ် မလုပ်ချင်တာကို မလုပ်ဘဲနေခဲ့တယ်… သေခြင်းတရား ဆိုတာကတော့ အဲဒီနှစ်ခုရဲ့ကြားမှာရှိတယ်… သေခြင်းတရားကို ကျွန်တော် မငြင်းဆန်ဘူး… လက်လည်းမခံဘူး… "

သေဆုံးခါနီး ခုတင်ပေါ်တွင် လဲလျောင်းနေသော တစ်ရက်က ကိုသက်ပန် ပြောခဲ့သော စကားများဖြစ်သည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



သာ မျက်ရည်လည်နေသော်လည်း ညိုမြီကတော့ တည်တည် ငြိမ်ငြိမ်ပင်ရှိနေသည်။

(ညိုမြီသည် ကိုသက်ပန်၏အဖော် ခေတ်ပေါ်ပန်းချီ ဆရာမလေး တစ်ဦးဖြစ်သည်။)

"ခင်ဗျားဟာ ကျွန်တော့် ဟီးရိုးပဲ ကိုသက်ပန်..."

"ကိုဘုန်း... (သူ့နာမည်နောက်မှ ခင်ဗော်ဆိုသောစာလုံးကို ကိုသက်ပန်သည် ဘယ်သောအခါမှ ထည့်သွင်းခေါ်ဆိုလေ့ မရှိ) ခင်ဗျားဟာ ခင်ဗျား အဖေရဲ့ အရိပ်အောက်က ထွက် ပြေးဖို့ ကြိုးစားရင်း ကျွန်တော့်အရိပ်အောက်မှာ ခိုဝင်ဖို့ ကြိုးစားနေတာပဲ အလကားလူ... "

သူ့ကို ဒီတစ်ခါပဲ နာနာကျည်းကျည်း ပြောခဲ့ဖူး သည်။ သူက ကိုသက်ပန်အား သူ့အဖေစကားများကို ပြန်ပြခဲ့ဖူး သည်။

"မင်းဟာ တစ်နေ့ကျရင် ကုမ္ပဏီဥက္ကဋ္ဌနေရာကိုယူရမယ်... ဒီကုမ္ပဏီမှာ ငါက အစုရှယ်ယာအများဆုံး... ငါ့သြဇာကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး...ပြီးတော့ တစ်နေ့ကျရင် ဒေါက်တာ တင်ထားသော်နဲ့ လက်ထပ်ရမယ်... တစ်နေ့ ကျရင် မင်းဟာ ငါ့အတွက်မြေးမိန်းကလေး တစ်ယောက်နဲ့ မြေးယောကျ်ားလေးနှစ်ယောက် မွေးပေးရမယ်... တစ်နေ့ ကျရင်... "

"တော်ပါတော့ဗျာ... "

ကိုသက်ပန်က လက်ကာပြကာ တားရင်းဟား တိုက်ရယ်၏။

"အဲဒီ တစ်နေ့ကျရင်ဆိုတဲ့ အဖေ့ရဲ့ ဇယားကွက်ထဲမှာ..."



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ ဇယားကွက်မဟုတ်ဘူး ကိုဘုန်း… ပင့်ကူအိမ်… ပင့်ကူအိမ်… ခင်ဗျားရဲ့ဦးနှောက်တွေကို ဖေါက်စားမယ့် ပင့်ကူအိမ်… "

သူ့ကို ကိုသက်ပန်ကပင် ဆောက်လုပ်ရေးလုပ်ငန်း တစ်ခု၌ ပန်းရန်လက်ထောက် အလုပ်တစ်ခုရရန် ကူညီခဲ့၏။ သူက ပင်ပန်းသော်လည်း ပျော်မွေ့နေသည်။

"ပျောက်ဆုံးနေတဲ့ ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ရှာတွေ့ပြီ ကိုသက်ပန်… အဲဒီမှာ ကျွန်တော့်ကို ဦးခင်ဇော်သားလို့ ဘယ်သူမှ မသိကြဘူး… "

သို့သော် အလုပ်ခွင့် ကြာရှည်မခံ။ သူ့အဖေတပည့်တွေက တွေ့ကာ အတင်းဆွဲထုတ်သွားကြသည်။ အဖေက "မင်းအရူးထတာတွေ ရပ်တန်းကရပ်တော့" ဟု ကြိမ်းကာ စာချုပ်တစ်ခု သူ့ရှေ့ကို ထိုးပေး၏။

"မင်း အဲဒီစာချုပ်ပေါ်မှာ လက်မှတ်ထိုးလိုက်ရုံပဲ အဲဒါ သိန်းနှစ်ထောင်တန် ကန်ထရိုက်လုပ်ငန်းပဲ ဘုန်းခင်ဇော်"

"ကျွန်တော်က ထင်းရှူးသေတ္တာတစ်လုံးဖြစ်အောင် တောင် လုပ်မပြနိုင်သေးဘဲ… သူတို့က ဘာလို့ဒီလောက်ကြီး ကျယ်တဲ့လုပ်ငန်းကို ယုံယုံကြည်ကြည် အပ်နေရတာလဲ.."

"တခြား အကြောင်းပြချက်တွေ မလိုဘူး… မင်းဟာငါ့သား ဆိုတဲ့ တစ်ချက်တည်းနဲ့ လုံလောက်နေတာပဲဘုန်းခင်ဇော်"

စာချုပ်ကို ဆွဲဖြဲပစ်ကာ အဖေ့ရုံးခန်းမှ ကျောခိုင်း ထွက်လာခဲ့ကြသည်။ ထိုနေ့မှာ ကိုသက်ပန်က သူ့ခန္ဓာကိုယ်ထဲကို သွေးသွင်းရန် ကိစ္စအား ငြင်းဆန်ကာ ဆေးရုံကဆင်း၍ သူ့အခန်း ပြန်ရောက်သောနေ့ပင်ဖြစ်သည်။ လွန်ခဲ့သော တစ်လခန့်က


www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းထဲမှ သွေးလျှံကာ ကိုသက်ပန် ရုတ်တရက်မူးမေ့လဲခဲ့သည်။ ဆေးရုံရောက်မှ သွေးကင်ဆာ ရောဂါမှန်းသိခဲ့ရ၏။

"ကျွန်တော့်ကိုယ်ထဲကို ဘယ်သူ့သွေးမှ တစ်စက် ကလေးတောင် အသွင်းမခံနိုင်ဘူး ကိုဘုန်း... ကျွန်တော်ဟာ ကျွန်တော်အစစ်အဖြစ် နေထိုင်ခဲ့တယ်... ကျွန်တော်အစစ်အဖြစ်နဲ့ပဲ သေဆုံးချင်တယ်... "

ညိုမြိုက သူတို့နှစ်ယောက်ကို လှည့်မကြည့်ဘဲ သူနားမလည်သော ပန်းချီကားတွေကို ရေးနေသည်။ တစ်ခါတစ်ရံ သူနှင့်ညိုမြို နှစ်ယောက်တည်း အပြင်ထွက်ကာ ညစာစားကြ၏။ ညိုမြိုကို ရုပ်ရှင်ကားတစ်ကား လိုက်ပြရန်ပင် ကိုသက်ပန်ကအတင်း တိုက်တွန်းသဖြင့် သူလိုက်ပြခဲ့ရသည်။

တစ်နေ့ ညိုမြို မရှိခိုက် ကိုသက်ပန်က ပြောသည်။

"ကျွန်တော်မသေခင် ခင်ဗျား လက်ထပ်စေချင်တယ်..."

"ဒေါက်တာ တင်ထားသော်နဲ့လား... "

"မဟုတ်ဘူး ညိုမြိုနဲ့... "

နှစ်ယောက်သားကြားမှာ အတန်ကြာ တိတ်ဆိတ်သွားသည်။ ကိုသက်ပန်က...

"ကျွန်တော်ဟာ ညိုမြို့ပန်းချီကားတွေကို နားလည်ခဲ့တယ်.. ဒါပေမယ့် ညိုမြို့ကို နားမလည်ခဲ့ဘူး..."

သူက...

"ကျွန်တော်ကတော့ ညိုမြို့ကို နားလည်တယ်... ညိုမြို့ပန်းချီကားတွေကို နားမလည်ဘူး... "

သူ အခန်းထဲက ထွက်လာခဲ့သည်။ မလှမ်းမကမ်းမှ ပန်းခြံထဲတွင် သွားထိုင်နေခဲ့သည်။ သူ့ဘေး မြေပေါ်တွင် ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ငိုက် မှေးနေသော ခိုစာရောင်းသည့် အဘွားကြီးကို သနားသဖြင့် သူ ခိုစာဝယ်ကျွေးခဲ့သည်။ သို့သော် ခိုတစ်ကောင်တလေမှ မလာ။

"ခိုတွေ ဘယ်ရောက်ကုန်တာလဲ... "

"ဒီနေရာကို ခိုစာမကျွေးရတဲ့ နယ်မြေအဖြစ် သတ်မှတ်လိုက်တယ်လေ... ခိုစာကျွေးတဲ့ လူတွေ မလာကြတော့ ခိုတွေလည်း မလာတော့ဘူးပေါ့... "

ခိုများကား တခြားကို ရွှေ့သွားကြဟန် တူသည်။ တခြားကို မရွှေ့နိုင်သော ခိုစာရောင်းသူ အဘွားအိုသာ ဤနေရာတွင် ကျန်ရစ်ခဲ့၏။ ပန်းခြံထဲကခုံတွင် သူဘယ်လောက်ကြာအောင် ထိုင်နေမိသည် မသိ။ တစ်နေ့တွင် ပန်းခြံထဲကို ညိုမီရောက်လာကာ ခုံပေါ်သူ့ဘေးတွင် ဝင်ထိုင်ရင်း တည်ငြိမ်စွာ ပြောလေသည်။

ကိုသက်ပန်ဆုံးပြီ။

သစ္စာနီ

သရဖူ။ အမှတ် (၁၈) ၁၉၉၆။

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကျိုးကြိုက်ခြင်း၊ဒုတိယမှုပုံ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# လေကိုရှူရှိုက်ခြင်း ဒုတိယပုံစံ

## (က)

### ကာယကံရှင်၏မှတ်စုမှ ကောက်နုတ်ချက်အချို့

(၁) သာယာလှပသော ညနေခင်းတစ်ခုဖြစ်သည်။ သူမ ပြန်မည်ဆိုသော ဧည့်သည်ကို ခြံထဲဆင်းကာ ကားအနားအထိ လိုက်ပို့ရင်း ကားတံခါးကို သူမကိုယ်တိုင် ပိတ်ပေးခဲ့သည်။ ထိုသို့ ပိတ်ပေးခိုက် သူမလည်ပင်းတွင် ပတ်ထားသော လည်စီးအရှည် (မာဖလာ) အစတစ်ဖက် ကားတံခါးနှင့် ညှပ်ပိတ်ခဲ့မိခြင်းကို အာရုံမပြုမိခဲ့။ သို့ဖြင့် ထိုကား မောင်းထွက်သွားသောအခါ လက်ပြနှုတ်ဆက်နေသော သူမသည် ကားနောက်သို့ ဒရွတ်တိုက်ပါသွားရင်း ဇက်ကျိုးကာ သေဆုံးသွားခဲ့လေသည်။ သူမသည်ကား ကမ္ဘာကျော် ဘဲလေးကချေသည် အစ္စဒိုရာဒိုကန်ပင် ဖြစ်လေသည်။

(၂) သူ မူးယစ်နေဟန် တူသည်။ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိသော အရက်ပုလင်းကို ပါးစပ်နှင့်ကိုက်ကာ ဖွင့်လိုက်မိသည်။ ထိုအခါ အရက်ပုလင်းထိပ်မှ ဖော့ဆို့သည် သူ့ပါးစပ်ထဲမှ တစ်ဆင့် လည်ချောင်းထဲသို့ လျောကျသွားကာ အသက်ရှူလမ်းကြောင်းပိတ်၍ သေဆုံးသွားလေသည်။ ထိုသူမှာ ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီး တင်နက်ဆီဝီလျံ ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



(၃) သူသည် ပင်လယ်ထဲသို့ တစ်ကိုယ်တည်း လှေကလေးဖြင့် ထွက်ခွာသွားသည်။ ရက်အတန်ငယ် ကြာသောအခါမှ ပင်လယ်ကမ်းခြေတွင် သူ့အလောင်းကို မြင်တွေ့ကြရသည်။ သူသည် ကမ္ဘာကျော် ကဗျာဆရာ ရှယ်လီဖြစ်သည်။(သူ့အလောင်းကို မီးသဂြိုဟ်သောအခါ သူ့ အသည်းနှလုံးကို မီးမလောင်ဟုဆိုကြသည်။)

(၄) ဥရောပမှ သင်္ကေတဝါဒီ ကဗျာဆရာ တစ်ဦးသည် နှင်းဆီပန်းကို ခူးရာမှ လက်တွင် စူးဆူးသွားကာ ထိုဒဏ်ရာဖြင့်ပင် နှစ်ရက်ခန့်အကြာတွင် သေဆုံးသွားလေသည်။(အမည်ကိုမမှတ်မိ။ မေးရိုင်ပိုးဝင်သည်ဟု ယူဆရသည်။)

(၅) သူသည် အောင်မြင်ကျော်ကြားစ လူငယ်မင်းသားတစ်ဦး ဖြစ်သည်။ ရိုက်ကွင်းတစ်ခုတွင် အသုံးပြုသော သေနတ်မှ ကျည်ဆံအတုအစား ကျည်ဆံအစစ် ထွက်လာ၍မှန်ကာ ထိုဒဏ်ရာဖြင့်ပင် သေဆုံးသွားရသည်။ သူကား ဘရှန်ဒွန်လီ ဖြစ်သည်။ (အဖေဖြစ်သူ ဘရုစ္စလီနှင့် သားဖြစ်သူတို့ ကံကြမ္မာမှာ အတော်ပင်တူသည်)

## (ခ)

## ကာယကံရှင်မသေဆုံးမီ ဆွေးနွေးချက်တချို့

(ကြုံရာသူငယ်ချင်းများနှင့်ဆွေးနွေးခဲ့သည်)

သေခြင်းတရားဆိုတာ ဘယ်လိုဟာမျိုးလဲဗျာ။

အစ္စဒိုရာရဲ့ မာဖလာလား။ ကဗျာဆရာရဲ့ နှင်းဆီပွင့်လား။ တင်နက်ဆီဝီလျံရဲ့ အရက်ပုလင်းလား။ အတုလို့ထင်ရတဲ့ ကျည်ဆံအစစ်လား။ ရှယ်လီရဲ့လှေလား။ အင်မတန် ပေါ့ပါးလွယ်ကူတဲ့အရာလား။ သတ္တဝါတွေကို ခြုံခိုတိုက်ခိုက်ဖို့ စောင့်စား



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အရာလား။ အေးစက်မှောင်မဲသလား။ နွေးထွေးတဲ့အလင်းလား။ ဟင်းမလက် (ရှိုက်စပီးယားရဲ့ဇာတ်ကောင်) ကတော့ နောက်ဆုံးသေခါနီးမှာ ဒီလိုပြောသွားတယ်။

တိတ်ဆိတ်ငြိမ်သက်တဲ့ အနားယူခြင်းတဲ့။ ဒါဆို ရင်သေခြင်းတရားဟာ ကြောက်မက်ဖွယ်ရာ မဟုတ်ဘူးပေါ့။ ကျွန်တော်သိချင်တယ်။ အေးလေ ဒါကတော့ ကိုယ်တိုင်ကိုယ်ကျ သေကြည့်မှသိနိုင်တဲ့ အရာမျိုးပဲ ဟုတ်တယ်နော်။ သေခြင်းနှစ်မျိုး ရှိတယ်လို့ထင်တယ်။ တစ်ခုက အချိန်တန်၍သေခြင်း၊ တစ်ခုက အချိန်မတန်ဘဲသေခြင်းပေါ့။ ဒါလည်း မဟုတ်သေးပါဘူး သေရမယ့် အချိန်ကို (အချိန်တန်ပြီလို့) ဘယ်သူက သတ်မှတ်ပေးသလဲ။ အဲဒီတော့ ဒီလိုခွဲကြည့်ရင်ကောင်းမယ်။ သဘာဝအတိုင်း သေဆုံးခြင်းနဲ့ ဖန်တီးထားသော သေဆုံးခြင်း။ ဖန်တီးထားသောသေဆုံးခြင်းကို နှစ်မျိုးထပ်ခွဲလို့ ရပြန်တယ်။

**(၁) အခြား ပယောဂများဖြင့် သေဆုံးခြင်း (ဥပစ္ဆေဒကံ အမျိုးမျိုးသင့်သူများ) နှင့်**

**(၂) ကိုယ့်ကိုကိုယ် သတ်သေသူများ။** ကာဝါဘာတာကတော့ ခါတ်ငွေ့ရှူလို့။ ဗာဂျီးနီးယားဝုဖ် ကတော့ ရေနက်ထဲဆင်းလို့။ ဟဲမင်းဝေးကတော့ ခေါင်းကို သေနတ်နဲ့ ကိုယ်တိုင်ပစ်လို့သေဆုံးသွားကြတယ်။ သေခြင်းတရားရဲ့ အဆုံးအဖြတ်ကို မနာခံချင်လို့ သေခြင်းတရားကို ကိုယ်ဘာသာဆုံးဖြတ် သွားကြလေသလားပဲ။ ဒါမှမဟုတ် သေခြင်းတရားဆိုတာဘာလဲ ဆိုတဲ့ အဖြေကို အလောတကြီး သိချင်တဲ့သူတွေလား မသိဘူး။ ဘယ်နှယ့်လဲ သူတို့အဖြေကို ရှာတွေ့သွားကြတယ် ထင်သလား။ ကျွန်တော် သိပ်သိချင်တယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိသတ္တဝါတွေထဲမှာ ကိုယ့်ကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com


သတ်သေတတ်တဲ့ သတ္တဝါဆိုလို့ လူ တစ်မျိုးတည်းပဲ ရှိတယ်တဲ့။ ကြည်အေးရဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာ သူ့ ဇာတ်ကောင် တစ်ကောင်က ပြောဖူးတယ်။ "လူဟာ ပျော်ရွှင်နေတုန်း အချိန်မှာ ကိုယ့်ကိုကိုယ် သတ်သေသင့်တယ်" တဲ့။ "အဲဒါဘဝကို အနိုင်နဲ့ပိုင်းခြင်း" တဲ့။ ကဲ... ဘယ်နှယ့် သဘောရသလဲ။

(ဂ)

## အမှုစစ်ဆရာဝန်၏ အစီရင်ခံစာမှ ကောက်နုတ်ချက်

ကိုယ့်ကိုကိုယ် သတ်သေခြင်း အလေ့အထသည် တိရိစ္ဆာန်များတွင် မရှိချေ။ ကမ္ဘာဦးခေတ်က လူများတွင်လည်း ထိုအလေ့အထ မထွန်းကားခဲ့ပေ။ ကိုယ့်ကိုကိုယ် သတ်သေခြင်းမှာ ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ အသွင်လက္ခဏာ တစ်ရပ်သာ ဖြစ်လေသည်။ စစ်တမ်းအရ ကမ္ဘာတွင် ပျမ်းမျှခြင်း တစ်သိန်းတွင် ဆယ်ယောက်ခန့် ကိုယ့်ကိုကိုယ် သတ်သေကြကြောင်း တွေ့ရှိရသည်။ သတ်သေသူ အများစုမှာ တစ်ခြားလူတွေ ယူဆသကဲ့သို့ စိတ်ဖောက်ပြန် ရူးသွပ်နေကြသူများ မဟုတ်ကြချေ။ သတ်သေသော အမှုအခင်းများသည်လည်း အများထင်မြင်နေ သကဲ့သို့ ထိုင်းမှိုင်းသော(မိုးနှင့်ဆောင်း)ရာသီများတွင် ပိုမိုဖြစ်ထွန်းလေ့ရှိသည်ဆိုသော အဆိုမှာလည်း မှန်ကန်ခြင်းမရှိချေ။ နေရောင်ပွင့်လင်းသော၊ ပန်းပေါင်းစုံ ဖူးပွင့်တတ်သော နွေရာသီတွင် ထိုအမှုအခင်းမျိုး ပို၍ ဖြစ်ပွားသည်ကို တွေ့ရှိရ၏။ နွေကာလတွင် ပူပြင်းကာ သွေးဆူလွယ်ခြင်းမှာ ထိုအမှုမျိုးကို ကျူးလွန်ရန် လှုံ့ဆော်ချက်တစ်ရပ် ဖြစ်ပုံရသည်။ (ယခုဖြစ်ပွားသောအမှုကို ထောက်ဆကြည့်ရန်)

လူတို့သည် တိရိစ္ဆာန်များကို သတ်ဖြတ်ခြင်း (အစာအာဟာရအလို့ငှာ)၊ လူလူချင်းသတ်ဖြတ်ခြင်း (စစ်ပွဲများ)


www.burmeseclassic.com

www.burmeseclassic.com



ပြုမူကြရာမှ လူသည် အခြားသက်ရှိ သတ္တဝါများကိုသာမက ကိုယ့်ကိုကိုယ်ပါ သတ်သေနိုင်ကြောင်း မထင်မှတ်ဘဲ တွေ့ရှိလာကြသည်။ လူတို့တွင် မွေးရာပါ ရန်မူလိုစိတ် **(Aggressiveness)** ရှိသည်။ ထိုစိတ်ပေါက် ကွဲသွားသောအခါ လူသတ်မှု (သို့မဟုတ်) ကိုယ့်ကိုကိုယ် သတ်သေမှု ဖြစ်ပွားလေ့ရှိသည်။ ထိုအခြေအနေတွင် သတ်သူနှင့် အသတ်ခံ (ကတ္တားနှင့်ကံ)သာ ကွဲတတ်သည်။ သူတစ်ပါးကို သတ်လိုက်လျှင် လူသတ်မှုဖြစ်၍ အသတ်ခံရသူသည် မိမိကိုယ်တိုင် ဖြစ်နေလျှင် ကိုယ့်ကိုကိုယ် သတ်သေမှု ဖြစ်လေတော့သည်။

(ဃ)

**ရက်လည်ဆွမ်း အနုမောဒနာတရားမှ ကောက်နုတ်ချက်**
**(ဦးပဥ္စင်း ဦးဝိမလ)**

လူတွေဟာ သေရင် အနိစ္စလို့ ထင်ကြတယ်။ ဘုန်းကြီးတို့ သဘောကတော့ သေတာ မသာပဲ။ အသုဘပဲ။ အနိစ္စဆိုတာ ဥပါဒ်၊ ဌီ၊ ဘင် က ဘင်သဘောကို ခေါ်တာ။ သတ္တဝါရယ်လို့ဖြစ် ရုပ်နဲ့နာမ် ရကတည်းက ခဏမစဲ ဖြစ်ပျက် ချုပ်ငြိမ်းနေရတယ်။ လက်ဖျစ်တစ်တွတ် အတွင်းမှာပဲ စိတ်ဟာ ကုဋေတစ်သိန်းလောက် ဖြစ်ပျက် ချုပ်ငြိမ်းတယ်။ စိတ်(၁၇)သက်ကို ရုပ်တစ်သက် အနေနဲ့ ရုပ်လည်း ဖြစ်ချုပ်နေတာပဲ။ အဲဒီလို ခဏမစဲဖြစ်ပျက်နေတယ်ဆိုတာ၊ အငယ်စား သေဆုံးနေတာပဲ။ ဒါပေမယ့် အဲဒီ အနိစ္စကို လူတွေက မမြင်ကြဘူး။ အနိစ္စကို သန္တတိ ဖုံးတယ်တဲ့။ မြစ်ရေအလျင်လိုပေါ့။ အဆက်မပြတ် ဖြစ် ပျက်နေတော့ မြဲတယ်ထင်တယ်။ လောကမှာ မြဲတာဘာ မှမရှိ ဘူး။ နိဗ္ဗာန်မရောက်မခြင်း သံသရာတစ်လျှောက်လုံး ဒီရုပ်နာမ်တွေရ၊ အခါခါ အိုကြရ၊



www.burmeseclassic.com

www.burmeseclassic.com



နာကြရ၊ သေကြရ၊ မဆုံးနိုင်ဘူး။ စုတေစိတ်နဲ့ ပဋိသန္ဓေစိတ် ဆိုတာကလည်း ကြားထဲမှာ အကြားအလပ် မရှိ၊ တစ်ဆက် တစ်ပြင် တည်းဖြစ်တာ။ ဒီတော့ ပုထုဇဉ်များသေရင် ဘာမှမဖြစ်တော့ဘူး ထင်လို့ ကြောက်မနေနဲ့။ အဲသလို တွေးကြောက်တဲ့လူက များတာကိုး။ နောက်ဘဝက အဆင်သင့်။ မဖြစ်ချင်လို့လည်း မနေရဘူး။

သေတယ်ဆိုတာ အရုပ်ထဲမှာတော့အသက်မရှုတာ ကို ခေါ်တာပေါ့လေ။ ဆေးပညာအရကတော့ နှလုံးမခုန်တော့တာ။ ဦးနှောက်က အလုပ် မလုပ်တော့တာ။ ကျုပ်တို့ရဲ့ ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးကတော့ လွယ်လွယ် ရှင်းရှင်းပဲပြော တယ်။ သေတယ် ဆိုတာ (ဒီဘဝမှာ) နောက်စိတ် မဖြစ်တာတဲ့။

## (င)

## ကာယကံရှင်၏ ခုတင်ဆေးတွင် တွေ့ရှိရသော စာအုပ်များစာရင်း

(1) Suicide (Operating Instrution)
(2) Let Me Die Before I Wake Derek Humphry
(3) The Compassionnate Crimes (Assisted Suicide)
(4) Guide To Self Deliverance Arthur Koestlen
(5) Suicide in America Herbert Hendin
(6) Man Against Himself Karl A. Menninger
(7) Suicide And Attempted Suicide Erwin Stewgel

**သစ္စာနီ**

အမှတ်(၂၃) သရဖူ။

www.burmeseclassic.com

www.burmeseclassic.com

အကယ်ရ်ဂေါ်နယ်နမိတ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


## အကယ်၍၏နယ်နမိတ်

ပင်လယ်ကမ်းခြေတွင် ရပ်၍ သင့် လက်ပတ်နာရီကို ချွတ်ကာ ပင်လယ်ထဲသို့ လွှင့်ပစ်လိုက်သောအခါ သင်ဘာများ ဆုံးရှုံးသွားပါသနည်း။

သင့် လက်ပတ်နာရီလား...
အချိန်ကာလလား...
ပင်လယ်လား... သင်ကိုယ်တိုင်လား...
ဒါမှမဟုတ် လွှင့်ပစ်ခြင်းလား။

ဒါလီ၏ ပျော့တွဲနေသော နာရီပန်းချီကားလောက် ရယ်စရာကောင်းသော ပြက်လုံးကို တစ်ခါမှ ကျွန်တော် မမြင်ဖူးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျွန်တော့်ချစ်သူသည် မနက်ဖြန် မနက်တွင် သေဆုံးတော့မည်ဟု သိရသောအခါ ကျွန်တော် ဘာလုပ်ရမည်နည်း။

ရူပဗေဒမတ္တာ တစ်ခုမျှသာ ဖြစ်သော အချိန်ကို ကျွန်တော် စိန်ခေါ်၍ ရနိုင်ပါမည်လား။ အိပ်(ချ်)ဂျီဝဲလ်၏ ကာလယန္တရားကို ကျွန်တော် ငှား၍ရနိုင်ပါမည်လား။ နေရထားကို ဆွဲထားရန် ဟာနုမာန်ကို ကျွန်တော် တောင်းပန်၍ ရနိုင်ပါမည်လား။

အိုင်စတိုင်း၊ ကာလနှင့် အလျားဆက်စပ်မှု၊ အလင်းအလျင်၊ နျူတန်၊ အချိန်ယူနစ်၊ ရီလေတီဗစ်တီ သီအိုရီ၊ လောရင့်၏ ကိုသြဒိနိတ်၊ အမိုနီယမ်မော်လီကျူး၏ တုန်ခါနှုန်း၊ ရေဒါလှိုင်းဖြင့် တိုင်းတာခြင်း စသည်တို့မှာ ဘာအဓိပ္ပာယ် ရှိပါသနည်း။ အက်တမ်တစ်လုံး၏ ဝတ်ဆံဖြစ်သော နျူကလိယကို အလင်းဖြတ်သွားရန် ကြာသော အချိန် ($10^{24}$secs) သည် အတိုဆုံးသောအချိန်ဖြစ်သည်ဟု ဆိုကြသည်။ မျက်တောင် တစ်ခတ်အတွင်း ကုဋေတစ်သိန်းဖြစ်ချုပ်သော စိတ်၏အလျင်ကို တိုင်းတာရန် နာရီတစ်လုံးကို ဘာကြောင့်မတီထွင်ခဲ့ကြပါသနည်း။

ထို ရွှေရောင် လက်ပတ်ကြိုးနှင့် လက်ပတ် နာရီကို ကျွန်တော့်ချစ်သူက သူနှင့်ကျွန်တော် လက်ထပ်သောနေ့တွင် လက်ဆောင်အဖြစ် ဝယ်ပေးခဲ့၏။ သူကိုယ်တိုင် လက်မှာပတ်ပေးရင်း "ယောကျ်ားမှန်ရင် နာရီတစ်လုံးတော့ ရှိသင့်တယ်" ဟုလည်း နောက်ပြောင်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ကိုယ့်ကို ဘယ်လိုအရာမျိုးကမှ ချုပ်နှောင်ထားတာကို မကြိုက်ဘူး... နာရီဟာ ချုပ်နှောင်မှု တစ်ခုပဲ..."

"အစ်ကိုက ငှက်တစ်ကောင်လို နေချင်တာပေါ့..."

"မဟုတ်ဘူး... ငှက်တွေဟာ တကယ်တမ်း မလွတ်လပ်ကြပါဘူး... သူတို့က လေရှိမှ ပျံသန်းနိုင်တာ သူတို့ကိုလေက ချုပ်နှောင်ထားတယ်... "

သူနှင့် မတွေ့ခင်ကမူ ကျွန်တော်သည် တည်းခိုခန်းတစ်ခုမှတစ်ခု၊ ဘော်ဒါဆောင်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့နေထိုင်တတ်သူ ဖြစ်သည်။ ကျွန်တော့်အဖို့ အချိန်ဆိုတာ အဓိပ္ပာယ်မရှိ။ ဆာလောင်သောအခါ စား၍ အိပ်ချင်သောအခါ အိပ်လိုက်သည်။ ကျွန်တော့်တွင် ကျွန်တော် သွားလေရာပါသော *(စာအုပ်နည်းနည်းနှင့် အဝတ် အစားနည်းနည်း ထည့်ထားသော)* လက်ဆွဲသေတ္တာတစ်လုံးကလွဲ၍ တခြား ဝန်စည်စလယ်မရှိ။ အိုးအိမ် မရှိ။ ဘဝအဓိပ္ပာယ်မရှိ။ နာမည်မရှိ။ သို့မဟုတ် ဘယ်သူကမှမခေါ်ကြသဖြင့် ကျွန်တော့်နာမည်ကို ကျွန်တော် မမှတ်မိတော့ခြင်းလည်း ဖြစ်နိုင်သည်။

"အစ်ကိုက လူတွေကို မုန်းနေသလား... "

"မုန်းမနေရင်တောင်မှ မချစ်တာကတော့ သေချာတယ်... ဒါဝင်ရဲ့ သီအိုရီအရဆိုရင် လူဆိုတာ တိုးတက်လာတဲ့ တောရိုင်း တိရစ္ဆာန် တစ်မျိုးပါပဲ... မြို့ပြဆိုတာလည်း အသွင်ပြောင်းထားတဲ့ တောကြီးမျက်မည်း တစ်မျိုးပါပဲ...

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုယ်ဟာ လူတော ထဲမှာနေပြီး
လူငတ်နေတဲ့ လူတစ် ယောက်ပါ... ”

လောကတွင် ငွေရှိနေသော လူတစ်ယောက်ထံ၌ တခြား ဘာမှမရှိဟူသော၊ မည်သူပြောခဲ့မှန်း မသိသည့် စကား (ကျွန်တော်ကိုယ်တိုင် ပြောခဲ့တာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်) ကား အမှန်ပင် ဖြစ်ပါသည်။ ကျွန်တော်တွင် ငွေကလွဲ၍ တခြား ဘာမှမရှိ။ ကျွန်တော် စွန့်ပစ်ခဲ့ပြီးပြီဖြစ်မည့် အတိတ်ကာလက ရှိခဲ့သော အရာအား လုံးမှာလည်း အတုချည်းသာ ဖြစ်လေသည်။ မိတ်ဆွေ အတု၊ ပကာသန အတု၊ ဆရာဝန် အတု၊ နှစ်ကာလအတု၊ ချစ်ခြင်းမေတ္တာ အတု၊ ပန်းအိုး အတု၊ အနုပညာအတု၊ စားသောက် ကုန် အတု၊ ဇနီး အတု၊ လောက အတု၊ အတု... အတု... အတု...။ ကျွန်တော့်တွင် ရှိသောငွေများကတော့ အစစ် ဖြစ်သည်။

ပင်လယ်ကလည်း အစစ်ဖြစ်ပုံရသည်။ ကြယ်တွေ တဖွဲဖွဲ ကြွေနေသော တိတ်ဆိတ်သောညတွင် ကျွန်တော်တစ်ကိုယ် တည်း ကမ်းခြေတွင် လမ်းလျှောက် နေလိုက်ရင်း ရမ်သမ်အင် ဘလူး သီချင်းသံကို ကြားလိုက်ရသည်။ အုန်းပင်တစ်ပင်အောက် တွင် ထိုင်ကာ ထိုသီချင်းကို ဆိုတီးနေသူမှာ အထက်အောက် ဝတ်စုံပြာ ဝတ်ဆင်ထားသော လှပသည့် မိန်းကလေးတစ်ဦးဖြစ် သည်။ သူရော ကျွန်တော်ပါ ပင်လယ်ရေ မချိုး၊ အုန်းရေ မသောက်၊ ခရု မကောက်ကြဘဲ သောင်ကမ်းခြေ အရှည်ကြီးတွင် ဖိနပ်မဲ့ ခြေထောက်များဖြင့် လမ်းလျှောက်ကြရင်း စကားတွေ အများကြီး ပြောခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တွင် သက်တန့်ကြီးတစ်ခု ထင်ရှားစွာ ပေါ်ထွက်နေသော ညနေ တစ်ညနေတွင် သူ့ကို ချစ်သွားမိသည်။ ကျွန်တော့်မိဘများ လေယာဉ်ပျံ ပျက်ကျကာ ပြိုင်တူသေဆုံးသွားကြသည့်နောက်တွင် ကျွန်တော် ပထမဆုံး ချစ်မိသော လူသားတစ်ဦးပင် ဖြစ်သည်။ သို့သော် ကျွန်တော်တို့သည် လက်ထပ်ဖို့ရန်အတွက် ကျွန်တော့်ဇနီးသည်က ကွာရှင်းပြတ်စဲခြင်း စာချုပ်ပေါ်တွင် လက်မှတ်ထိုးမည့် အချိန်ကို စောင့်ဆိုင်းနေရပြန်သည်။

"လူဆိုတာ တစ်ခုမဟုတ် တစ်ခုခုကို စောင့်စားရင်း အသက်ရှင်နေရတဲ့ သတ္တဝါတစ်မျိုးပါ အစ်ကိုရယ်... တချို့က ခေါင်းထဲမှာ စောင့်ဆိုင်းနေကြတယ်...တချို့က ရင်ထဲမှာ စောင့်ဆိုင်းနေကြတယ် တချို့က အောင်မြင်မှုကို စောင့်ဆိုင်းနေကြတယ်... တချို့က ကြွယ်ဝမှုကို စောင့်ဆိုင်းနေကြတယ်..."

သူက ကျွန်တော့်လက်ကိုဆွဲကာ လမ်းဖြတ်ကူးရန် မီးပွိုင့်စိမ်းလာမည့် အချိန်ကို စောင့်ဆိုင်းရင်း၊ ပြောခဲ့သောစကားဖြစ်သည်။ နောက်ဆုံးတွင်တော့ လူတွေအားလုံး တညီတညွတ်တည်း စောင့်ဆိုင်းနေရသော အရာမှာ တစ်ခုသာ ရှိလေသည်။ ထိုအရာမှာ သေခြင်းတရားသာ ဖြစ်၏။

ကျွန်တော်နှင့် လက်ထပ်ပြီး တစ်နှစ်မပြည့် မီမှာပင် သူ့တွင် လူတစ်သန်း၌ တစ်ယောက်ပင် ဖြစ်ရန် ခဲယဉ်းသော ကြောက်စရာ ရောဂါတစ်ခု စွဲကပ်နေကြောင်းသိခဲ့ရ၏။ ပိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဆက်ထားသောဆေးရုံခုတင်ပေါ်ရှိ သူ့ခန္ဓာဘေးတွင်ထိုင်ရင်း သူ၏ နှလုံးခုန်နှုန်းပြစက်ကို ကျွန်တော် စောင့်ဆိုင်း ငေးကြည့် နေချိန်တွင် သူကတော့ သေခြင်းတရားကို အေးချမ်းငြိမ်သက်စွာ စောင့်ဆိုင်းနေ၏။ ကျွန်တော့်ချစ်သူသည် မနက်ဖြန်တွင် သေဆုံး တော့မည်ဟု သိရသောအခါ ကျွန်တော် ဘာလုပ်ရမည်နည်း။

**သစ္စာနီ**

သရဖူ

www.burmeseclassic.com

www.burmeseclassic.com

[illegible]

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# စိတ်ရုပ်ကြွင်း

(က)

"အသံများ အရောင်များရနံ့များဟာ အချင်းချင်း ခေါ်ထူးနေကြတယ်" ဆိုသော ကဗျာကို ဘို့ဒလဲျား ရေးခဲ့ပါသည်။ အင်မတန် နာမည်ကျော်သော သူ၏ "ဆက်သွယ်မှုများ" နာမည်ရှိသည့် ကဗျာထဲတွင် ဖြစ်ပါသည်။ အာရုံငါးပါးတို့၏ ကူးလူးယှက်နွယ်မှုကို ဖွင့်ဆိုထားသော ထိုကဗျာကို ပြင်သစ်နိုင်ငံသင်္ကေတဝါဒ ကဗျာသင် ကျောင်းတွင် ရသဗေဒ အခြေခံသဘောတရားတစ်ရပ်အနေဖြင့် မသင်မနေ ပြဋ္ဌာန်းကာ သင်ကြားပေးနေပါသည်။ ဘို့ဒလဲျား ပါရီမြို့တွင် ကွယ်လွန်ခဲ့သည်မှာ ၁၉၉၇ ဩဂုတ်လတွင် တစ်နှစ်တိတိ ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

နေမျိုးစာပဒေသာ

www.burmeseclassic.com

www.burmeseclassic.com



(ခ)

ကျွန်တော် ပန်းချီရေးသည်။ ဟစ်တလာ ပန်းချီရေးသည်။ မျောက်တစ်ကောင် ပန်းချီရေးသည်။ (မကြာသေးခင်က ပန်းချီ မောင်ဒီ ပြောခဲ့သည်။) ဘုရားသခင် ပန်းချီရေးသည် (သူ့အကောင်းဆုံး ပန်းချီကားမှာ ဧဒင်ဥယျာဉ်ဖြစ်သည်။) ဗဂျီ အောင်စိုး ပန်းချီရေးသည်။ နွေဥတုပန်းချီရေးသည်။အိန္ဒြာကျော်ဇင် ပန်းချီရေးသည်။ (သူမ၏ ပန်းချီကားအမည်မှာလမ်းလျှောက်ခြင်း ဖြစ်သည်)။ ဟိုပုဂ္ဂိုလ် ပန်းချီရေးသည်။ (သူ့ ပန်းချီကားအမည်မှာ မစ္ဆိယစိတ်ဖြစ်သည်) ပန်းနှင့်လိပ်ပြာပန်းချီ ရေးသည်။ ထိပ်ပြောင် ပြောင်နှင့်လူ ပန်းချီရေးသည်။ ခြေထောက် တစ်ဘက်မရှိသူ ပန်းချီ ရေးသည်။ ဆေးပြင်းလိပ်နှင့်လူ ပန်းချီရေးသည်။ မျက်စေ့မမြင်သူ ပန်းချီရေးသည်။ ဂေါ်ဂင်သည် (မျက်စေ့ ကွယ်လျက်ကပင် တဟီတီကျွန်းရှိ သူ့အိမ်နံရံများပေါ်တွင် သူ့၏ နောက်ဆုံးပန်းချီကားများကို ရေးဆွဲသွားခဲ့လေသည်။)

မှတ်ချက် – ဘေထိုဘင်သည် သူ့၏နာမည်ကျော် ဆင်ဖိုနီတေးဘွဲ့ တီးလုံးများကို ကွယ်လွန်ကာနီး နား မ,ကြားသော ကာလများတွင်ရေးဖွဲ့ခဲ့ပါသည်။

(ဂ)

အသံများတွင် အရောင်များရှိပါသည်။ လန့်ဖြတ် မသွားပါနှင့်။ ကျွန်တော်ပြောသော စကားမဟုတ်ပါ။ ချားလ် ဟာ်နရီ

www.burmeseclassic.com

www.burmeseclassic.com



ဝီလ်ကင်ဆင်ဆိုသော သိုးဆောင်းလူ မျိုးတစ်ဦးက ၁၈၉၁ (၁၉၉၁ ဟု မှားမဖတ်စေချင်ပါ။)က ရေးသားထုတ်ဝေလိုက်သည့် အရောင်နှင့်အသံ၏ ဆက် နွယ်မှုသဘောတရား The Theory of Colour and Sound Relationships စာအုပ်မှ ကိုးကား ထုတ်ပြခြင်း ဖြစ်ပါသည်။ သူက C, D, E, F, G, A, R တို့ကိုမူလ အခြေခံ (၇) ရောင်အဖြစ် သတ်မှတ်ပြီး ရှပ်နဲ့ဖလက် အတွက် ကြားရောင်တွေ ရှာဖွေပေးခဲ့ပါသည်။ တချို့ကိုဖော်ပြထားသော ပူးတွဲဇယားတွင်ကြည့်ပါ။ ခိုင်ခိုင်မာမာမှ သဘောကျသူများ၊ ကမ္ဘာတွင် အကောင်းဆုံးဖြစ်သည့် စွယ်စုံကျမ်းဖြစ်သော “အင်ဆိုက်ကလိုပီးဒီးယား ဘရစ် တန်နီးကား” စာအုပ် Colour-Music အခန်းတွင် လှန်လှော ကြည့်ရှုနိုင်ပါသည်။ အရောင် ရူပဗေဒ သဘောတရား The Physics of Colour ကို ရှင်းပြရလျှင် ရှုတ်ထွေးကုန်ပါလိမ့်မည်။

**Twelve Notes of the Tonal Scale**

| | |
|---|---|
| C-Red | B-Red-Violet |
| D-Orange | CQ(or DÎ)-Red-Orange |
| E-Yellow | DQ(or EÎ)-Yellow-Orange |
| F-Yellow-Green | FQ(or GÎ)-Green |
| G-Blue-Green | GQ(or AÎ)-Blue |
| A-Blue-Violet | AQ(or BÎ)-Violet |

www.burmeseclassic.com

www.burmeseclassic.com



(ဃ)

Eidetic အိုင်ဒက်တစ်ဆိုသောစကားကို ကြားဖူးပါသလား။ ထားပါတော့။ Synesthesia ဆင်အက်စ်သီးစီးယားဆိုသော စကားကိုရော ကြားဖူးပါသလား။ ကြားဖူးလိမ့်မည်ဟု ထင်ပါသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်လောက်ကနိမိတ်ပုံ Image အကြောင်းကို ရှင်းလင်းဖော်ပြဖို့ ကြိုးစားသော ဆရာဇော်ဇော်အောင်၏ ရှုမဝ ဆောင်းပါးတစ်ပုဒ်တွင် ပြန်ရှာ ကြည့်လျှင် တွေ့နိုင်ပါလိမ့်မည်။ တစ်ခုသော အာရုံခံအင်္ဂါကို လှုံ့ဆော်ခြင်းကြောင့် ကွဲပြားသော တခြားအာရုံခံအင်္ဂါတွင် စိတ်တွင်းရုပ်ဖြစ်ပေါ်ခြင်းကို ဆင်အက်စ်သီးစီးယားဟု ခေါ်ပါ သည်။ စိတ်တွင်းအာရုံရုပ်ဖြစ်ပေါ်ခြင်းကို စိတ်ပညာအရ ဤကဲ့သို့ ခွဲခြားထားပါသည်။

၁။ အမြင် (မျက်စေ့) စိတ်တွင်းပေါ်ရုပ်သမားများ

၂။ အကြား (နား) စိတ်တွင်းပေါ်ရုပ်သမားများ

၃။ အနံ့ (နှာခေါင်း) စိတ်တွင်းပေါ်ရုပ်သမားများ

ဟူ၍ ဖြစ်ပါသည်။ ပြည့်စုံသွားအောင် အတွေ့နှင့်အရသာ (လျှာ) စိတ်တွင်းပေါ်ရုပ်သမားများ ဟူ၍ ထပ်မံထည့်သွင်းလျှင် အငြင်းပွားဖွယ်မရှိပါ။ လူ၏ အာရုံငါးပါးသည် ထွေးရောယှက်တင် ဖြစ်ပျက်နေသော သဘောရှိပါသည်။ ထို့ကြောင့် အရောင်အသွေးရှိသောအသံ၊ အရောင်အသွေးရှိသောအနံ့၊ အရောင်



www.burmeseclassic.com

www.burmeseclassic.com



အသွေးရှိသော အရသာ၊ အရောင်အသွေးရှိသော အတွေ့အထိ စသဖြင့် ဖြစ်ပေါ်လာပါသည်။

(င)

ပုံစံ (1) မှာ ပတ္တမြားအမည်ရှိသော (၁၇) နှစ်သမီးတစ်ယောက် ရေးဆွဲထားသော ပန်းချီကား ဖြစ်ပါသည်။ (၁၇) နှစ်သမီးဆိုသော်လည်း ကိုယ်အလေးချိန် ပေါင်ရှစ်ထောင် (၈၀၀၀) ကျော်ရှိသောသူ ဖြစ်ပါသည်။ ထိုသူငယ်မမှာ အာရီဇိုးနား ပြည်နယ် ဖီးနစ်မြို့ တိရိစ္ဆာန် ဥယျာဉ်မှ ဆင်မလေးတစ်ကောင် ဖြစ်ပါသည်။ ထိုဆင်မလေး၏ တစ်ကိုယ်တော် ပန်းချီပြပွဲကို ပန်းချီကုန်သည် ဘီဘစ်ရှော့ပ်က သူပိုင် စကော့စ်ဒေးပန်းချီ ဂလယ်ရီမှာ ၁၉၉၀ ခုနှစ်က ဖွင့်လှစ်ပြသခဲ့ပါသည်။ ထိုပွဲတွင် တင်သွင်းသော ပန်းချီကား (၃၉)ကားလုံး နှစ်ရက်အတွင်း ကုန်အောင်ရောင်းချခဲ့သည်ဟု ဆိုပါသည်။

ပုံစံ (2) မှာ ဂျာမန်လူမျိုး ကမ္ဘာကျော် ဂီတဆရာကြီး ရစ်ချတ်ဝဂ္ဂနာ၏ ဆင်ဖိုနီတေးဘွဲ့ကို I.J Blemontက ပြန်လည်ခံစား ရေးဆွဲထားသည့် ပန်းချီကား ဖြစ်ပါသည်။ အရောင်အသွေးရှိသော အသံ၏ ထူးခြားသော ပြရုပ်ဖြစ်ပါသည်။

ပုံစံ (3) နှင်းဆီဖြူ၏ရနံ့ အမည်ရှိသော ပန်းချီကားဖြစ်၍ ကျွန်တော်ကိုယ်တိုင် စက္ကူပေါ်တွင် ရေဆေးအရောင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကို အသုံးပြု ရေးဆွဲထားခြင်း ဖြစ်ပါသည်။ အရောင်အသွေး ရှိသော အနံ့ကို ဖော်ထုတ်ဖို့ ကြိုးပမ်းမှုမျှသာဖြစ်ပါသည်။ သင်ပျင်းရိနေလျှင် ဤပန်းချီကားကို ကြည့်ရှု၍ တေးသွားတစ်ပုဒ် ခံစားရေးဖွဲ့ကြည့်စေလိုပါသည်။

သစ္စာနီ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com